# ကြေးမုံ The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏။ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏။ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏။ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ **ကောဓဝဂ်(ဓမ္မပဒ -၂၂၃)**


၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်၊ ကြာသပတေးနေ့။ Thursday, 4 July 2024 ၁၁၅၀၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဇူလိုင် ၃**

၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန -၂(MICC-II)၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယကများဖြစ်ကြသည့် ဒေါ်ခင်သက်ဌေး၊ ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၏ဇနီး၊ တွဲဖက်အတွင်းရေးမှူး၏ ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူနှင့် ကောင်စီအဖွဲ့ဝင်များ၏ ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၏ ဇနီး၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၏ ဇနီး၊ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၏ ဇနီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂



မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဒုတိယဗိုလ် ဒေါ်ယုယုနိုင်အား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

## ယနေ့ ဖတ်စရာ


**အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ အစည်းအဝေး(၁/၂၀၂၄)ကျင်းပ** စာမျက်နှာ » ၆

**စုပေါင်းလုပ်ဆောင်မှုနှင့် မျှဝေတန်ဖိုးများ၏ စွမ်းအားအတွက် သက်သေတစ်ခုအဖြစ် ရပ်တည်လျက်ရှိ** ဆောင်းပါး စာမျက်နှာ » ၁၀

**အငြိမ်းစားမိဘပြည်သူများသို့ အသိပေးကြေညာချက်** စာမျက်နှာ » ၉

**အင်ဒိုနီးရှားနိုင်ငံ၌ အရှေ့တောင်အာရှဒေသ၏ ပထမဆုံး လျှပ်စစ်ကားဘက်ထရီစက်ရုံ ဖွင့်လှစ်** စာမျက်နှာ » ၁၃

**ပခုက္ကူဈေးကွက်သို့ နှမ်းနက်(စမုန်)နှင့် နှမ်းဖြူများ လှိုင်လှိုင်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်** စာမျက်နှာ » ၁၈


## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇူလိုင် ၃

| | | |
|---|---|---|
| ဟိုင်းကြီးကျွန်း | ၆ ဒသမ ၅၀ | လက်မ |
| မာန်အောင် | ၆ ဒသမ ၃၄ | လက်မ |
| စစ်တွေ | ၄ ဒသမ ၅၇ | လက်မ |
| ဟုမ္မလင်း | ၂ ဒသမ ၈၃ | လက်မ |
| မော်လမြိုင်ကျွန်း | ၂ ဒသမ ၅၆ | လက်မ |
| လပွတ္တာ | ၂ ဒသမ ၃၂ | လက်မ |
| လှည်းကူး | ၂ ဒသမ ၂၈ | လက်မ |
| သိမ်ဇရပ် | ၂ ဒသမ ၂၈ | လက်မ |
| ကျောက်ဖြူ | ၂ ဒသမ ၂၅ | လက်မ |

ကြေးမုံ

# သမ္မာအာဇီဝ အတ္တ-ပရ မျှတစိတ်ထားဖြင့်

သမ္မာအာဇီဝဆိုသည်မှာ မှန်ကန်သောအသက်မွေးခြင်း၊ ကောင်းသောအသက်မွေးဝမ်းကျောင်းပြုခြင်းဟု တရားတော်တွင် ဆိုသည်။ ကာယဒုစရိုက် ၃ ပါး၊ ဝစီဒုစရိုက် ၄ ပါးတို့နှင့် ကင်းလွတ်၍ မည်သူ့ကိုမျှ ထိခိုက်နစ်နာမှုမဖြစ်စေသော အသက်မွေးမှုကို သမ္မာအာဇီဝဟုဆိုသည်။ သမ္မာအာဇီဝသည် မဂ္ဂင်ရှစ်ပါး အမြတ်တရားတွင် ပါဝင်ပြီး မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်းအထိပင် အထောက်အပံ့ကောင်းတစ်ခုဖြစ်သည်။

လူတို့အနေဖြင့် မိမိတို့၏ ဘဝရှင်သန်ရပ်တည်နိုင်ရေးအတွက်သော်လည်းကောင်း၊ ကြီးပွားချမ်းသာရေးအတွက်သော်လည်းကောင်း အသက်မွေးမှု သို့မဟုတ် စီးပွားဥစ္စာရှာဖွေမှုတစ်မျိုးမျိုးကို နေ့စဉ်ပြုလုပ်နေကြသည်။ ထိုသို့ပြုလုပ်ကြရာတွင် မိမိတို့ပြုလုပ်ကြသည့်အလုပ်တိုင်းအတွက် သမ္မာအာဇီဝဖြစ်ဖို့ သတိပြုကြရမည်ဖြစ်သည်။ မည်သူ့ကိုမျှ ထိခိုက်နစ်နာမှုမဖြစ်စေသည့် ကောင်းမွန်သည့်အလုပ်ကို လုပ်ကိုင်ကြရမည်ဖြစ်သည်။ မိမိအကျိုး၊ သူတစ်ပါးအကျိုး မျှတစွာအသက်မွေးသည့် အလုပ်ကို လုပ်ကိုင်ကြရမည်ဖြစ်သည်။

မိမိတို့၏ အကျိုးစီးပွားဖြစ်ထွန်းအောင် စီးပွားဥစ္စာ ရှာဖွေကြရာတွင် သမ္မာအာဇီဝဖြင့် အလုပ်လုပ်ကြမှသာ မိမိနှင့် အများသူငါ ကိုယ်စိတ်နှစ်ပါးချမ်းသာ ကျေနပ်နှစ်သက်မှုကိုဖြစ်စေပြီး ယခုဘဝအတွက်သာမက နောင်သံသရာဘဝများအတွက်ပါ ကောင်းကျိုးအဖြာဖြာ ပြည့်စုံစေမည်ဖြစ်သည်။ မြန်မာမှုနယ်ပယ်တွင် မလျှုတတ်လျှင် ဈေးရောင်းဆိုသကဲ့သို့ မိမိအတွက် အကျိုးအမြတ်ဖြစ်ထွန်းရေးတစ်ခုတည်းကိုမကြည့်ဘဲ အများပြည်သူစားသုံးသူတို့ အဆင်ပြေအောင် ရောင်းချပေးခြင်းဖြင့် အလှူတစ်ခုပြုလုပ်သလို ကုသိုလ်ဖြစ်စေနိုင်ပါသည်။

သမ္မာအာဇီဝနှင့်ဆန့်ကျင်ဘက်ဖြစ်သော မတော်လောဘဖြင့် အဆမတန် အမြတ်တင်ရောင်းချလုပ်ကိုင်ပါက မိမိအတွက် အကျိုးအမြတ်များစွာ ဖြစ်ထွန်းသော်လည်း အများပြည်သူစားသုံးသူတို့ ကိုယ်စိတ်နှစ်ပါး ဆင်းရဲကျပ်တည်းမှုဖြစ်စေသဖြင့် အကုသိုလ်ဖြစ်စေသော အသက်မွေးမှုကို နေ့စဉ်ပြုလုပ်နေသလိုဖြစ်နေသည်။ ယခုဘဝတွင် ကြီးပွားချမ်းသာသော်လည်း သံသရာအတွက် ရင်လေးဖွယ်ဖြစ်သည်။ မတော်လောဘဖြင့် စီးပွားရှာဖွေသောကြောင့် အများအကျိုးစီးပွား ထိခိုက်မှုဖြစ်စေသဖြင့် ဥပဒေအရ အရေးယူခြင်းကိုလည်း ခံရနိုင်သည်။

မြန်မာနိုင်ငံတွင် အခြေခံလူတန်းစားများမှာ အများစုဖြစ်ပြီး ဆင်းရဲနွမ်းပါးမှုရာခိုင်နှုန်းမှာလည်း ကျဆင်းခြင်းမရှိသေးပေ။ မျက်မှောက်ကာလတွင် ကုန်ဈေးနှုန်းများ တစ်နေ့တခြား ကြီးမြင့်လာမှုကြောင့် လူလတ်တန်းစားများပင် ပျောက်ကွယ်သွားပြီး အခြေခံလူတန်းစား အများစုဖြစ်လာသည်။ ကုန်ဈေးနှုန်းကြီးမြင့်လာရခြင်းသည် စီးပွားရေးသဘောအရ အကြောင်းအမျိုးမျိုးကြောင့်ဖြစ်သည်ကို လက်ခံရမည်မှန်သော်လည်း မတော်လောဘဖြင့် စီးပွားဥစ္စာရှာဖွေနေခြင်းမှာ မဖြစ်သင့်ပေ။ ဖြစ်သင့်ဖြစ်ထိုက်သော အတက်အကျဈေးနှုန်းများ ရှိရမည်ဖြစ်သည်။

ယခုအခါ မတော်လောဘကြောင့် အကျဈေးနှုန်းမရှိဘဲ အဆမတန်ဈေးနှုန်းတက်နေသဖြင့် စားသုံးသူပြည်သူများ အကျပ်အတည်းတွေ့နေသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး ဆန်ကို အဓိကစားသုံးသောနိုင်ငံဖြစ်၍ ဆန်ဈေးနှုန်းမတန်တဆမြင့်မားလာခြင်းသည် ပြည်သူများအားလုံးကို ကြီးစွာထိခိုက်မှုဖြစ်စေသည်။ ကုန်ပစ္စည်း အရောင်းအဝယ်သဘောအရ သင့်တင့်မျှတသော ရာခိုင်နှုန်းဖြင့် ဈေးနှုန်းတက်ရမည်ဖြစ်သော်လည်း မတန်တဆ ဈေးနှုန်းမြင့်လာသောကြောင့် နိုင်ငံတော်အနေဖြင့် အများပြည်သူအကျိုးစီးပွားကိုရှေးရှု၍ မတော်လောဘ စီးပွားရေးသမားများကို အရေးယူရသည့်အဖြစ်များရှိလာသည်။

နိုင်ငံတော်အနေဖြင့် စီးပွားရေးတည်ငြိမ်ဖွံ့ဖြိုးတိုးတက်စေရန် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် အချို့လုပ်ငန်းရှင်များသည် မတော်လောဘ သို့မဟုတ် စီးပွားရေးကမောက်ကမဖြစ်ရန်ရည်ရွယ်ပြီး ဆန်ဈေးနှုန်းများ အဆမတန် မြှင့်တင်ရောင်းချခဲ့သည်ကို တွေ့ရသည်။ ထို့ကြောင့် ဖော်ထုတ်စစ်ဆေးခဲ့ရာ သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်းထက် ၁၀ ရာခိုင်နှုန်း အမြတ်တင်ရောင်းချသော ဆန်းစပါးလုပ်ငန်းရှင် ၂၇ ဦး၊ ၁၁ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ အမြတ်တင်ရောင်းချသော လုပ်ငန်းရှင် ၂၄ ဦး၊ ၃၁ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ အမြတ်တင်ရောင်းချသော လုပ်ငန်းရှင် ခုနစ်ဦးကို စိစစ်တွေ့ရှိခဲ့သည်။

ထို့အပြင် ဆန်များအား ဈေးကွက်ဈေးနှုန်းထက် ပိုမိုအမြတ်တင် ရောင်းချသည့် ဈေးဝယ်စင်တာနှင့် စတိုးဆိုင် ၅၃ ဆိုင်ကို စစ်ဆေးခဲ့ရာ သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်းထက် ၂၀ ရာခိုင်နှုန်းအမြတ်တင်ရောင်းချသော စတိုးဆိုင်တစ်ဆိုင်၊ ၂၁ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ အမြတ်တင်ရောင်းချသော ဈေးဝယ်စင်တာနှင့် စတိုးဆိုင် ၃၀၊ ၅၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ အမြတ်တင်ရောင်းချသည့် ဈေးဝယ်စင်တာ ၂၂ ဆိုင် စိစစ်တွေ့ရှိခဲ့သည်။ အဆိုပါ ဆန်စပါးနှင့်ပတ်သက်၍ အမြတ်အစွန်းများစွာရယူသည့် လုပ်ငန်းရှင်များနှင့် ဈေးဝယ်စင်တာနှင့် စတိုးဆိုင်များမှ တာဝန်ရှိသူများအား ဥပဒေအရ အရေးယူမှုများ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်နှင့် အများပြည်သူအကျိုးစီးပွားကို ရှေးရှု၍ အသက်မွေးလုပ်ငန်းများဆောင်ရွက်ရာတွင် သမ္မာအာဇီဝကျကျ မိမိအကျိုး၊ အများအကျိုး အတ္တ-ပရ မျှတစွာဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# မြန်အောင်၌ ပိုက်ဆံလျှော် (သစ်စိမ်းမြေဩဇာ) ထည့်သွင်း၊ မျိုးစေ့နှင့် မျိုးစေ့ချကိရိယာများပေးအပ်

မြန်အောင် ဇူလိုင် ၃

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မကျီးကွင်းကျေးရွာ တောင်သူဦးညွန့်ဝင်းအောင်နှင့် သုံးဦးတို့၏ လယ်မြေငါးဧကတွင် ယမန်နေ့က မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရန် ပိုက်ဆံလျှော် (သစ်စိမ်းမြေဩဇာ) ထည့်သွင်းခြင်း၊ မျိုးစေ့နှင့် မျိုးစေ့ချကိရိယာများ ပေးအပ်ခြင်းအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေး



အဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်၍ ပိုက်ဆံလျှော် (သစ်စိမ်းမြေဩဇာ) ထည့်သွင်းခြင်းကို ကြည့်ရှုအားပေးခဲ့ကြပြီး မျိုးစေ့နှင့်မျိုးစေ့ချကိရိယာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ ဝင်းမိုလ်(ပြန်/ဆက်)

# ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များ ဖို့ထားပါရန်၊
- လိုအပ်ပါက ငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ် သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့် ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက် ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃-၇-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၇၄၆ | ၆,၆၃၆,၉၀၀ |
| MTSH | ၃,၃၅၀ | ၃,၄၀၀ | ၅,၉၀၁ | ၁၉,၇၇၀,၈၅၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၉၆ | ၇၈၇,၂၀၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၁၀,၀၇၀ | ၁၇,၁၁၉,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၀ | ၀ |
| EFR | ၁,၈၅၀ | ၁,၉၀၀ | ၁,၁၂၃ | ၂,၀၉၃,၅၀၀ |
| AMATA | ၄,၆၀၀ | ၄,၇၀၀ | ၂,၁၂၈ | ၉,၇၈၉,၀၀၀ |
| MAEX | ၃,၇၅၀ | ၃,၇၅၀ | ၂,၄၆၈ | ၉,၂၅၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးကျော်သူရနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အမျိုးသမီးများ၏အခွင့်အရေးများနှင့် အမျိုးသမီးများအပေါ်အကြမ်းဖက်မှုများကို ဥပဒေနှင့်အညီ အပြည့်အဝကာကွယ်စောင့်ရှောက် အကြမ်းဖက်မှုကျူးလွန်သူကို ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရန်အတွက် တည်ဆဲဥပဒေများနှင့်အညီ အလေးထားဆောင်ရွက်

## မြန်မာအမျိုးသမီးများနေ့အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် အဖွင့်မိန့်ခွန်း

( ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာအမျိုးသမီးများနေ့အခမ်းအနားတွင် Video Message ဖြင့် မိန့်ခွန်းပြောကြားစဉ်။

**အားလုံးမင်္ဂလာပါ**

ဒီနေ့ကျင်းပပြုလုပ်တဲ့ ၂၀၂၄ ခုနှစ်၊ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ၊ ကျက်သရေမင်္ဂလာအပေါင်းနဲ့လည်း ပြည့်စုံကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့မှာရှိတဲ့ မြန်မာနိုင်ငံရဲ့ ခန့်မှန်းလူဦးရေ ၅၆ ဒသမ ၂ သန်းအနက် အမျိုးသမီးပါဝင်မှုဟာ ၂၉ ဒသမ ၄ သန်းဖြစ်တဲ့အတွက် နိုင်ငံ့လူဦးရေရဲ့ ထက်ဝက်ကျော်ဟာ အမျိုးသမီးများဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် မှီတင်းနေထိုင်တဲ့ ပြည်ထောင်စုဖြစ်တာနဲ့အညီ မတူကွဲပြားတဲ့ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံတွေ၊ ဘာသာစကား၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနဲ့ သမိုင်းကြောင်း၊ ပထဝီဝင်အနေအထား အမျိုးမျိုးရှိကြပေမယ့်လည်း အမျိုးသမီးများအပါအဝင် တိုင်းရင်းသားအားလုံးဟာ စည်းလုံးညီညွတ်စွာနဲ့ ချစ်ခင်ရင်းနှီးစွာ ယှဉ်တွဲနေထိုင်ခဲ့ကြပါတယ်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက် အမျိုးသမီးတွေဟာ မြန်မာ့လွတ်လပ်ရေးသမိုင်း၊ အမျိုးသားရေးသမိုင်း၊ နိုင်ငံရေးလှုပ်ရှားမှု သမိုင်းစဉ်အဆက်ဆက်မှာ အမျိုးသားတွေနဲ့ရင်ပေါင်တန်းပြီး စွန့်လွှတ်အနစ်နာခံမှု၊ ရဲဝံ့စွန့်စားမှုများနဲ့ ပါဝင်ခဲ့ကြပါတယ်။ ဒီနေ့ကာလပြည်ထောင်စုတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်နဲ့ ဆောင်ရွက်နေကြရာမှာလည်း ပြည်ထောင်စုဖွား တိုင်းရင်းသား မြန်မာအမျိုးသမီးထုစွမ်းအားကြီးကို မြင်တွေ့နေကြရပြီဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေးလုပ်ငန်းတွေအပါအဝင် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ၊ နယ်ပယ်အသီးသီးမှာ ကာယအား၊ ဉာဏအားတွေနဲ့ စွမ်းစွမ်းတမံ သယ်ပိုးဆောင်ရွက်နေကြတဲ့ မြန်မာအမျိုးသမီးများရဲ့ အခန်းကဏ္ဍဟာ အလွန်ကြီးမားတယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။

ဒီနေ့ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၃)ရက်နေ့မှာ ကျရောက်တဲ့ မြန်မာအမျိုးသမီးများနေ့ဟာ မြန်မာနိုင်ငံဒေသအသီးသီးမှာ နေထိုင်ကြတဲ့ မြန်မာအမျိုးသမီးများအားလုံးအတွက် ထူးခြားလေးနက်တဲ့ နေ့တစ်နေ့ ဖြစ်ပါတယ်။ ဒီနေ့မှာ ကဏ္ဍအသီးသီးက စွမ်းဆောင်ရည်ရှိတဲ့ ထူးချွန်အမျိုးသမီးတွေကို ဂုဏ်ပြုချီးမြှင့်တဲ့နေ့လည်း ဖြစ်တဲ့အတွက် မြန်မာအမျိုးသမီးများအားလုံးကို လှိုက်လှိုက်လှဲလှဲဂုဏ်ပြုပါကြောင်းနဲ့ အမျိုးသမီးများဘဝ သာယာလှပကြပြီး အစစအရာရာအဆင်ပြေပါစေကြောင်း ဆန္ဒပြုဆုတောင်းအပ်ပါတယ်။

၁၉၉၅ ခုနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘေဂျင်းမြို့မှာ ကျင်းပခဲ့တဲ့ စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံရဲ့ ဘေဂျင်းကြေညာစာတမ်းမှာ လုပ်ငန်းနယ်ပယ်အသီးသီးက အမျိုးသမီးများအားလုံး ဖွံ့ဖြိုးတိုးတက်စေဖို့ နိုင်ငံတိုင်းမှာ အမျိုးသမီးကော်မတီများဖွဲ့စည်းရန် ဆိုတဲ့အချက်ပါရှိပါတယ်။ မြန်မာနိုင်ငံမှာလည်း အမျိုးသမီးများအားလုံး ဖွံ့ဖြိုးတိုးတက်စေရေးနဲ့ စွမ်းဆောင်ရည်မြင့်မားရေးတို့အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ(၃)ရက်နေ့မှာ ဖွဲ့စည်းခဲ့ပြီး အမျိုးသမီးများအရေးကို အဓိကထားဆောင်ရွက်ပေးလျက်ရှိပါတယ်။ လေးစားဂုဏ်ယူဖွယ်ရာ စွမ်းဆောင်ရည်ရှိတဲ့ မြန်မာအမျိုးသမီးတွေကို ဂုဏ်ပြုသောအားဖြင့် ၁၉၉၈ ခုနှစ်ကစပြီး ဇူလိုင်လ (၃)ရက်နေ့မှာ မြန်မာအမျိုးသမီးများနေ့အခမ်းအနားတွေကို နှစ်စဉ်ကျင်းပခဲ့ကြတာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်မှာ မူလတန်းကြိုပညာရေး၊ အခြေခံပညာရေး၊ နည်းပညာနဲ့ သက်မွေးပညာရေး၊ အဆင့်မြင့်ပညာရေးတို့ပါဝင်ပြီး ပညာရေးကဏ္ဍ နိမ့်ကျနေမှုကိုမြှင့်တင်ဖို့ ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်လျက်ရှိပါတယ်။ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေး၊ ကျောင်းနေတဲ့ကလေးတိုင်း အနည်းဆုံး အခြေခံပညာအဆင့်မှာ KG+9 အထိ ပြီးမြောက်အောင် သင်ယူရေးမူဝါဒကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် အချိန်မတိုင်မီ ကျောင်းမထွက်ကြစေရေး၊ တန်းစဉ်ကူးပြောင်းမှု မလျော့နည်းစေရေးနဲ့ အသက်မွေးဝမ်းကျောင်းပညာနဲ့ အဆင့်မြင့်ပညာများကို သင်ယူပြီးမြောက်ရေးအတွက် မိဘအုပ်ထိန်းသူများ၊ ဆရာ၊ ဆရာမများ၊ အုပ်ချုပ်ရေးတာဝန်ရှိသူများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာမှာ ကျား၊ မ ခွဲခြားမှုမရှိဘဲ တန်းတူရည်တူ ပညာသင်ကြားခွင့်ရရှိဖို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

၂၀၁၄ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း အစီရင်ခံစာအရ မြန်မာနိုင်ငံမှာ အသက် ၅ နှစ်အထက် လူဦးရေ ၄၆ ဒသမ ၄၆၃ သန်းရှိပြီး နိုင်ငံတစ်ဝန်း ကျောင်းလုံးဝမနေဖူးသူအဖြစ် အမျိုးသား ၁၀၀ မှာ ၆ ဒသမ ၅ ဦးနဲ့ အမျိုးသမီး ၁၀၀ မှာ ၉ ဒသမ ၄ ဦးရှိကြောင်း တွေ့ရှိရပါတယ်။ အသက် ၂၅ နှစ်နဲ့အထက် လူဦးရေရဲ့ အမြင့်ဆုံးအောင်မြင်ပြီးစီးခဲ့တဲ့ အတန်းပညာကို စစ်တမ်းကောက်ယူခဲ့ရာ မူလတန်းအဆင့်မှာ အမျိုးသား ၄၂ ဒသမ ၃ ရာခိုင်နှုန်း၊ အမျိုးသမီး ၅၁ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်မှာ အမျိုးသား ၂၅ ဒသမ ၂ ရာခိုင်နှုန်း၊ အမျိုးသမီး ၁၈ ဒသမ ၈ ရာခိုင်နှုန်း၊ အထက်တန်းအဆင့်မှာ အမျိုးသား ၁၅ ဒသမ ၂ ရာခိုင်နှုန်း၊ အမျိုးသမီး ၁၁ ဒသမ ၇ ရာခိုင်နှုန်းရှိပြီး တက္ကသိုလ်ဘွဲ့ရအဆင့်မှာ အမျိုးသား ၉ ဒသမ ၇ ရာခိုင်နှုန်း၊ အမျိုးသမီး ၁၂ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါတယ်။ ဒါဟာ ပညာရေးကွင်းဆက်တစ်လျှောက်မှာ ကျောင်းထွက်မှုနှုန်းများပြီး ပညာတတ်သူ နည်းပါးလာမယ့် အခြေအနေဖြစ်တဲ့အတွက် ပညာရေးမြှင့်တင်မှုလုပ်ငန်းတွေကို အလေးထားဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ အမျိုးသမီးများရဲ့ ပညာရေးကဏ္ဍ ယခုထက်ပိုပြီး မြင့်မားလာစေရေးကိုလည်း အလေးထားဆောင်ရွက်ပေးကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

ပညာရေးကဏ္ဍမှာ တစ်ဆက်တည်းလေ့လာကြည့်ရင် ကျောင်းပညာ တက်ရောက်သင်ကြားနေသူ အခြေခံပညာကဏ္ဍမှာ အမျိုးသမီး ၅၀ ဒသမ ၇၆ ရာခိုင်နှုန်း၊ အဆင့်မြင့်ပညာမှာ ၆၃ ဒသမ ၆၀ ရာခိုင်နှုန်း၊ သိပ္ပံနဲ့နည်းပညာမှာ ၄၇ ဒသမ ၁၉ ရာခိုင်နှုန်း၊ ဆေးနဲ့နီးနွယ်ပညာမှာ ၇၀ ဒသမ ၄၄ ရာခိုင်နှုန်း ပညာသင်ကြားနေတာတွေ့ရှိရပြီး ၂၀၂၃-၂၀၂၄ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူမှာ ၆၄ ဒသမ ၃၁ ရာခိုင်နှုန်းက အမျိုးသမီးများဖြစ်ကြတာ တွေ့ရပါတယ်။ သင်ကြားရေးတာဝန်ထမ်းဆောင်နေသူများကိုကြည့်ရင် အမျိုးသမီးများအနေနဲ့ အခြေခံပညာမှာ ၈၃ ဒသမ ၆၉ ရာခိုင်နှုန်း၊ အဆင့်မြင့်ပညာမှာ ၈၇ ဒသမ ၈၉ ရာခိုင်နှုန်း၊ သိပ္ပံနဲ့နည်းပညာမှာ ၈၆ ဒသမ ၂၃ ရာခိုင်နှုန်း၊ ဆေးနဲ့နီးနွယ်ပညာမှာ ၈၀ ဒသမ ၃၉ ရာခိုင်နှုန်း သင်ကြားရေးတာဝန်ထမ်းဆောင်နေတဲ့အတွက် အမျိုးသမီးများပါဝင်မှုပမာဏ ကြီးမားကြောင်း တွေ့ရှိရပါတယ်။

ဒေသအလိုက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍတွေမှာ ကွာခြားချက်မကြီးမားစေရေးအတွက် အတတ်ပညာတတ်မြောက်ပြီး အသိပညာပြည့်စုံတဲ့ ပညာတတ်များ ပေါ်များဖို့လည်း လိုအပ်ပါတယ်။ အတန်းပညာရှိမှ အသိပညာနဲ့ အတတ်ပညာရဖို့ လွယ်ကူမှာဖြစ်ပြီး လူငယ်များ မိမိခြေထောက်ပေါ် ရပ်တည်နိုင်စေဖို့အတွက် အသိပညာများ၊ အတတ်ပညာများ သင်ကြားလေ့ကျင့်ပေးရမှာဖြစ်ပါတယ်။ အဲဒီလို ပညာရည်မြင့်မားရေးနဲ့ လူငယ်များ ဗလငါးတန်ပြည့်ဝရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေးမှာ မိခင်များ၊ စာမျက်နှာ ၄ သို့

☆ မြန်မာ့သမိုင်းစဉ်တစ်လျှောက် အမျိုးသမီးတွေဟာ မြန်မာ့လွတ်လပ်ရေးသမိုင်း၊ အမျိုးသားရေးသမိုင်း၊ နိုင်ငံရေးလှုပ်ရှားမှုသမိုင်းစဉ်အဆက်ဆက်မှာ အမျိုးသားတွေနဲ့ရင်ပေါင်တန်းပြီး စွန့်လွှတ်အနစ်နာခံမှု၊ ရဲဝံ့စွန့်စားမှုများနဲ့ ပါဝင်ခဲ့ကြ

☆ ဒီနေ့ကာလ ပြည်ထောင်စုတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်နဲ့ ဆောင်ရွက်နေကြရာမှာလည်း ပြည်ထောင်စုဖွား တိုင်းရင်းသား မြန်မာအမျိုးသမီးထုစွမ်းအားကြီးကို မြင်တွေ့နေကြရပြီဖြစ်

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေးလုပ်ငန်းတွေအပါအဝင် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ၊ နယ်ပယ်အသီးသီးမှာ ကာယအား၊ ဉာဏအားတွေနဲ့ စွမ်းစွမ်းတမံသယ်ပိုးဆောင်ရွက်နေကြတဲ့ မြန်မာအမျိုးသမီးများရဲ့ အခန်းကဏ္ဍဟာ အလွန်ကြီးမားတယ်ဆိုတာ အားလုံးအသိပဲဖြစ်






မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ တိုင်းရင်းသားအကဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

✪ ရှေ့ဖုံးမှ

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များ၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၏ဇနီး၊ အမျိုးသမီးများဆိုင်ရာ အသင်းအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကဏ္ဍအလိုက် ဆုရရှိကြသူများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**မိန့်ခွန်းပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Video Message ဖြင့် အဖွင့်မိန့်ခွန်း ပြောကြားသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ အဖွင့်မိန့်ခွန်းကို စာမျက်နှာ ၃ တွင် ဖော်ပြထားပါသည်။)**

**ရှင်းလင်းတင်ပြ**

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးအခွင့်အရေး မြှင့်တင်ဖော်ဆောင်ရေးနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တုံ့ပြန်တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) လုပ်ငန်းနယ်ပယ်(၁၂)ရပ် Video Clip ကို ပြသသည်။

**စာမျက်နှာ ၅ သို့ ✪**



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာအားပေးစဉ်။

**○ စာမျက်နှာ ၃ မှ**

ဆရာမများဖြစ်ကြတဲ့ အမျိုးသမီးများရဲ့ အခန်းကဏ္ဍဟာ အလွန်အရေးကြီးတဲ့အတွက် အလေးထားဆောင်ရွက်ပေးကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

၂၀၂၃ ခုနှစ် မြန်မာစာရင်းအင်းလက်စွဲအရ ၂၀၂၀-၂၀၂၃ လုပ်သားအင်အား ခန့်မှန်းစာရင်းအင်းများ အစီရင်ခံစာအရ လုပ်သားအင်အားပါဝင်မှုနှုန်းမှာ အသက်(၂၅)နှစ်ကနေ (၂၉)နှစ်ကြား အုပ်စုဟာ အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါတယ်။ စီးပွားရေးလုပ်ငန်းကဏ္ဍအလိုက် အလုပ်လက်ရှိရာခိုင်နှုန်းအနေနဲ့ ၂၀၂၃ ခုနှစ်မှာ အမျိုးသားများရဲ့ အလုပ်အကိုင်ရရှိမှုက လယ်ယာကဏ္ဍမှာ ၄၉ ဒသမ ၇၈ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍမှာ ၁၉ ဒသမ ၃၆ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍမှာ ၃၀ ဒသမ ၈၆ ရာခိုင်နှုန်း လုပ်ကိုင်လျက်ရှိပြီး အမျိုးသမီးများရဲ့ အလုပ်အကိုင်ရရှိမှုမှာ လယ်ယာကဏ္ဍမှာ ၄၂ ဒသမ ၀၇ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍမှာ ၁၆ ဒသမ ၈၁ ရာခိုင်နှုန်းနဲ့ ဝန်ဆောင်မှုကဏ္ဍမှာ ၄၁ ဒသမ ၁၂ ရာခိုင်နှုန်းတို့ရှိတာကိုလည်း တွေ့ပါတယ်။ ကဏ္ဍအလိုက် အမျိုးသမီးများရဲ့ ပါဝင်မှုတိုးမြင့်လာအောင် ဆောင်ရွက်ကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

မြန်မာနိုင်ငံအနေနဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်မှာပါဝင်တဲ့ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ရည်မှန်းချက်ဖြစ်တဲ့ မိခင်သေဆုံးမှုနှုန်း လျော့နည်းကျဆင်းရေးအတွက် ဦးစားပေးဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နဲ့ မွေးဖွားပြီးချိန်တစ်လျှောက်လုံး ကျန်းမာပျော်ရွှင်ပြီး ဘေးအန္တရာယ်ကင်းရှင်းတဲ့ မိခင်ဘဝရရှိစေဖို့ အလွန်အရေးကြီးပါတယ်။ ဝေးလံပြီး လမ်းပန်းဆက်သွယ်မှုခက်ခဲတဲ့ ဒေသတွေမှာ နေထိုင်ကြသူများအနေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ လက်လှမ်းမီရရှိစေဖို့ စေတနာ့ဝန်ထမ်း အရန်သားဖွားဆရာမများ အသစ်မွေးထုတ်ခြင်း၊ စွမ်းဆောင်ရည်မြှင့် မွမ်းမံသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ကျန်းမာရေးအသိပညာများ တိုးတက်လာစေရန် အသိပညာပေးစာစောင်များ ပြုစုထုတ်ဝေဖြန့်ဝေခြင်းများကိုလည်း ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

အမျိုးသမီးများရဲ့ အခွင့်အရေးနဲ့ ကျား၊ မ တန်းတူညီမျှမှုကို အဟန့်အတားဖြစ်စေတဲ့ လူမှုရေးစံသတ်မှတ်ချက်များ၊ ဓလေ့ထုံးတမ်းများ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများဟာ ကျား၊ မ ရေးရာကွာဟချက်ဖြစ်ပေါ်စေနိုင်တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသမီးများရဲ့ စွမ်းဆောင်နိုင်မှုတွေကို အသိအမှတ်ပြုပြီး ရသင့်ရထိုက်တဲ့အခွင့်အရေးများကို လက်လှမ်းမီရရှိစေဖို့ အလေးထားဖော်ဆောင်ပေးကြရမှာ ဖြစ်ပါတယ်။

အမျိုးသမီးများရဲ့ အခွင့်အရေးများနဲ့ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတွေကို ဥပဒေနဲ့အညီ အပြည့်အဝ ကာကွယ်စောင့်ရှောက်ပေးနိုင်ဖို့နဲ့ အကြမ်းဖက်မှုကျူးလွန်သူကို ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ဖို့အတွက် တည်ဆဲဥပဒေများနှင့်အညီ အလေးထားဆောင်ရွက်လျက်ရှိနေပါတယ်။

၂၀၂၃ ခုနှစ်မှာ UN Womenနဲ့ UNDP တို့ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ **“ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးများ စွမ်းဆောင်နိုင်မှုနဲ့ ကျား၊ မ တန်းတူညီမျှရေး လေ့လာဆန်းစစ်ချက်အစီရင်ခံစာ”**အရ ညွှန်းကိန်းများအနေနဲ့ သုည ဒသမ ၈ အထက်က အမြင့်ဆုံးဖြစ်ပြီး သုည ဒသမ ၆ အထက်ဟာ အလယ်အလတ်ဖြစ်ပါတယ်။ မြန်မာအမျိုးသမီးများ စွမ်းဆောင်နိုင်မှုညွှန်းကိန်းမှာ သုည ဒသမ ၅၁၈၊ ကျား၊ မ ရေးရာညွှန်းကိန်းမှာ သုည ဒသမ ၅၉၈ တို့ဖြစ်တဲ့အတွက် အလယ်အလတ်အဆင့်ရဲ့ အောက်နားမှာ ရှိနေပါတယ်။ လူသားဖွံ့ဖြိုးတိုးတက်မှု ညွှန်းကိန်းအနေနဲ့ကတော့ သုည ဒသမ ၅၅၀ နဲ့ သုည ဒသမ ၆၉၉ ကြားရှိတဲ့အတွက် အလယ်အလတ်အဆင့်မှာရှိကြောင်း တွေ့ရှိရပါတယ်။ ဒါ့ကြောင့် အမျိုးသမီးတွေကို ကဏ္ဍအသီးသီးမှာ စွမ်းဆောင်ရည်ပြည့်ဝပြီး ကျား၊ မ တန်းတူရည်တူပါဝင်နိုင်မှု ပိုမိုတိုးတက်မြင့်မားရေးကို အလေးထားပြီး ဆက်လက်ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။

၂၀၂၄ ခုနှစ် မတ် ၈ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားကို **“အရှိန်အဟုန်ဖြင့်တိုးတက်ရေး အမျိုးသမီးများတွင် မြှုပ်နှံပေး”** ဆောင်ပုဒ်နဲ့အညီ အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံမှာလည်း ကျင်းပခဲ့ပါတယ်။ ဒီဆောင်ပုဒ်ကတော့ နိုင်ငံတွေအနေနဲ့ အမျိုးသမီးများနဲ့ အမျိုးသမီးငယ်ရွယ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဘဏ္ဍာငွေအပါအဝင် ဘက်ပေါင်းစုံက ရင်းနှီးမြှုပ်နှံဖို့ တိုက်တွန်းထားတာဖြစ်ပါတယ်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီရဲ့ လမ်းညွှန်မှုနဲ့အညီ အမျိုးသမီးတွေကို နည်းမျိုးစုံနဲ့ ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ကတိကဝတ်များနဲ့ အကြံပြုသုံးသပ်ချက်များ၊ ဘေဂျင်းလုပ်ငန်းစီမံချက်နဲ့အညီ ရေးဆွဲထားတဲ့ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ရဲ့ လုပ်ငန်းနယ်ပယ်(၁၂)ရပ်ကို အကောင်အထည်ဖော်ရာမှာ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများနဲ့ အစိုးရမဟုတ်သော မိတ်ဖက်အဖွဲ့အစည်းများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

ဒါ့အပြင် အာဆီယံဒေသတွင်း ကတိကဝတ်များနဲ့ ကုလသမဂ္ဂကချမှတ်ခဲ့တဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်(၅)ဖြစ်တဲ့ ကျား၊ မ တန်းတူညီမျှမှုရရှိရေး၊ အမျိုးသမီးများနဲ့ အမျိုးသမီးငယ်ရွယ်များအားလုံး စွမ်းပကား တိုးမြှင့်စေရေးတို့နဲ့ သက်ဆိုင်တဲ့ လုပ်ငန်းစဉ်တွေမှာ ရည်မှန်းချက်ပန်းတိုင် ပြည့်မီဖို့ ဆက်လက်အလေးထား ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

ဒါ့ကြောင့် မြန်မာအမျိုးသမီးများရဲ့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစတဲ့ ဂုဏ်ရည်များဟာ ခေတ်အဆက်ဆက် ထင်ရှားပေါ်လွင်ခဲ့တာမို့ ဆက်လက်ထိန်းသိမ်းသွားကြဖို့ လိုအပ်ပါတယ်။ အမျိုးသမီးများကဏ္ဍ မြင့်မားရေး၊ အမျိုးသားများနဲ့ရင်ပေါင်တန်းပြီး တွဲလက်ညီညီနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် ကဏ္ဍစုံမှာ အင်တိုက်အားတိုက် ပူးပေါင်း ပါဝင်နိုင်ဖို့နဲ့ တစ်ဦးချင်းစီမှသည် မိသားစုအတွင်း၊ ရပ်ရွာအတွင်း၊ နိုင်ငံအတွင်း ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ **အားလုံးကိုကျေးဇူးတင်ပါတယ်။**

❂ စာမျက်နှာ ၄ မှ

ဆက်လက်၍ ၂၀၂၃ ခုနှစ်အတွင်း ကဏ္ဍအလိုက် ထူးချွန်အမျိုးသမီးဆုများကို ချီးမြှင့်ရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဒုတိယဗိုလ်ဒေါ်ယုယုနိုင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ အကောင်းဆုံး ကျောင်းသားဆုရရှိသူ ဗိုလ် ဒေါ်ဖူးမော်သန်းနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ)၏ ချီးကျူးဂုဏ်ပြုဆုရရှိသူ ဗိုလ်ကြီး ဒေါ်ဝါဝါမော်တို့ကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးက ထူးချွန်အမျိုးသမီးရဲမေဆုရရှိသူ ဒုတိယရဲမှူးကြီး မိုးမိုးထွန်းနှင့် မသန်စွမ်းအမျိုးသမီးအားကစား ထူးချွန်ဆုရရှိသူ မလော်လာဝင်းတို့ကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွယ်က ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ သိပ္ပံဘာသာတွဲတွင် အမှတ်အများဆုံးရရှိသူ မနှင်းကြယ်စင်ထွန်းနှင့် ဝိပ္ပံဘာသာတွဲတွင် အမှတ်အများဆုံးရရှိသူ မအေးချမ်းပြည့်မွန်တို့ကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

### ပေးအပ်ချီးမြှင့်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၏ ဇနီးက ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယဆုရရှိကြသူများကို လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး၏ ဇနီးက ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် တတိယဆုနှင့် အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်ဆုရရှိကြသူများကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၏ ဇနီးများ၊ ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌတို့က အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တေးသံရှင်များက ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုတေးသီချင်းဖြစ်သည့် “အမျိုးသမီး ကော်မတီ”သီချင်းဖြင့်လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက “ရွှေမြန်မာ သာယာငြိမ်းချမ်း” တေးသီချင်းနှင့်အတူ တိုင်းရင်းသားအကဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။


မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး ထူးချွန်အမျိုးသမီးရဲမေဆုရရှိသူ ဒုတိယရဲမှူးကြီး မိုးမိုးထွန်းအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။


မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွယ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ သိပ္ပံဘာသာတွဲတွင် အမှတ်အများဆုံးရရှိသူ မနှင်းကြယ်စင်ထွန်းအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၏ ဇနီးက ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး၏ ဇနီးက အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်ဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

# အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ အစည်းအဝေး (၁/၂၀၂၄) ကျင်းပ



**နေပြည်တော် ဇူလိုင် ၃**

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး ကော်မတီအစည်းအဝေး(၁/၂၀၂၄) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကော်မတီဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တပ်မတော်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ထိန်းသိမ်းရေးကော်မတီကို စတင်ဖွဲ့စည်း ဆောင်ရွက်ခဲ့ပြီး ကော်မတီ၏ အဓိကတာဝန်ဖြစ်သည့် တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်သည်အဖြစ် စုဆောင်းခြင်းနှင့် အသုံးပြုမှု မရှိစေရေး၊ တပ်မတော်သို့တာဝန်ထမ်းဆောင်ရန် ဝင်ရောက်လာသော သံသယဖြစ်ဖွယ် လူငယ်များကို လက်ခံမှု မရှိစေရေးနှင့် အသက်မပြည့်ကြောင်း စိစစ်တွေ့ရှိသည့် စစ်သည်များကို မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာတွင် တပ်မတော် (ကြည်း) ပါဝင်နေခြင်းကို စာရင်းမှ ပယ်ဖျက်နိုင်ရန်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် Country Task Force on Monitoring and Reporting (CTFMR) တို့ အကြား အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစီမံချက် Plan of Action ကို ၂၀၁၂ ခုနှစ် ဇွန် ၂၇ ရက်တွင် လက်မှတ်ရေးထိုးပြီး ပူးပေါင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ စီမံချက်အရ CTFMR နှင့် ပူးပေါင်းပြီး အရွယ်မရောက်သေးမီ မှားယွင်းစုဆောင်းခဲ့သည့် အသက်မပြည့်စစ်သည် ၁၀၅၇ ဦးကို တပ်မတော်မှ နုတ်ထွက်ခွင့်ပြုကာ တပ်မတော်နှင့် UNCTFMR ပူးပေါင်းအဖွဲ့ဖြင့် မိဘအုပ်ထိန်းသူများထံ စနစ်တကျပြန်လည်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း။

**အလေးထားလိုက်နာ**

၂၀၂၃ ခုနှစ်အတွင်း CTFMR မှ ပေးပို့ထားသည့် အသက်မပြည့် သံသယရှိသူ စစ်သည် ကိုးဦး အပါအဝင် ယခင်စာရင်းမှ ပယ်ဖျက်ပေးရန်ကျန် စုစုပေါင်း ၁၂၀ ကို CTFMR သို့ ဆက်သွယ်၍ အမှုတွဲ တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ပါက နုတ်ထွက်ခွင့်ပြုနိုင်ရေး ဆောင်ရွက်ရန်နှင့် မှန်ကန်မှု မရှိပါက စာရင်းမှပယ်ဖျက်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် တပ်မတော်အနေဖြင့် တပ်သားသစ် စုဆောင်းရေးကဏ္ဍတွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး ကော်မတီနှင့် CTFMR တို့ သဘောတူ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ အတိုင်း အလေးထား လိုက်နာစုဆောင်းလျက်ရှိပါကြောင်း၊ အသိပညာပေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ကော်မတီ အစည်းအဝေးများကို ပုံမှန်ကျင်းပလျက်ရှိပြီး ကော်မတီ၏ရည်မှန်းချက်အတိုင်း တပ်မတော်အတွင်း ကလေးစစ်သားအသုံးပြုမှုမရှိစေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို CTFMR သို့ အသိပေးအကြောင်းကြား လျက်ရှိပါကြောင်း။

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး ကော်မတီက CTFMR နှင့် ယခင်အတိုင်း ဆွေးနွေးမှုများကို စဉ်ဆက်မပြတ် ပူးပေါင်းဆက်သွယ်ဆောင်ရွက်လျက် ရှိကြောင်း၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် CTFMR နှင့် တွေ့ဆုံခဲ့ပြီး နှစ်ဖက်သဘောတူညီချက်အရ နည်းပညာပူးတွဲဥက္ကဋ္ဌ (Technical Co-Chairs) အဖွဲ့နှင့် အဖွဲ့ငယ်အဆင့် တွေ့ဆုံဆွေးနွေးခြင်း (Small Team Meeting)ဖြင့် နှစ်ဖက်တိုက်ဆိုင် စာရင်းရှင်းလင်း စစ်ဆေးအတည်ပြုရန် ဆွေးနွေးခဲ့ပါကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အကောင်အထည်ဖော် ကျင့်သုံးလျက်ရှိရာ ဥပဒေအရ ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရာတွင် အသက် ၁၈ နှစ်မပြည့်သူများ မပါရှိစေရေး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့အသီးသီးက စနစ်တကျ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုနှစ် ထုတ်ပြန်သည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ၂၀၂၃ ခုနှစ် အတွက် ကလေးသူငယ်များနှင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ အစီရင်ခံစာတွင် တပ်မတော်နှင့် ဆက်စပ်နေသည့် အဖွဲ့များနှင့် ပြည်သူ့စစ်တို့က ကလေးသူငယ် ၁၁၀၂ ဦးကို စုဆောင်းခဲ့ပြီး ကြီးလေးသော ကျူးလွန်မှုခြောက်ရပ်တို့ကို တပ်မတော်က ကျူးလွန်ကြောင်း စွပ်စွဲဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၂၃ ခုနှစ်အတွင်း CTFMR က စုံစမ်းသည့် အသက်မပြည့်သူဟု သံသယရှိသူ စုစုပေါင်း ကိုးဦးသာ ရှိကြောင်း အကြောင်းကြားခဲ့သော်လည်း ယခုနှစ် အစီရင်ခံစာတွင် အသက်မပြည့်သေးသူ ၁၁၀၂ ဦးကို စစ်မှုထမ်းစေခဲ့သည်ဟု ချဲ့ကားဖော်ပြထားသည်ကို တွေ့ရှိရသဖြင့် အဆိုပါအစီရင်ခံစာကို ကန့်ကွက်ပါကြောင်းနှင့် တုံ့ပြန်သည့်အချက်အလက်များကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ်ရုံး (Office of the Special Representative of the Secretary-General for Children and Armed Conflict-UNSRSG) သို့ ပေးပို့ခဲ့ပြီး ဖြစ်သည့်အပြင် နိုင်ငံပိုင် ရုပ်မြင်သံကြား၊ သတင်းစာများတွင် တရားဝင်သတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက် လာကြသည့် ကော်မတီဝင်များနှင့် ကိုယ်စားလှယ်များက အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး လုပ်ငန်းနှင့်ပတ်သက်၍ ဖွဲ့စည်းထားသည့် လုပ်ငန်းအဖွဲ့များက လုပ်ငန်းတာဝန်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခြင်း၊ ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ အပေါ် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများကို အကြံပြုဆွေးနွေးကြပြီး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်မြို့၌ လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း (၁၁/၂၀၂၄) သင်တန်းသား သင်တန်းသူ ကြိုဆိုပွဲကျင်းပ

**ပြည် ဇူလိုင် ၃**

ပြည်မြို့ သီရိခေတ္တရာခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက လုပ်ငန်းခွင်အကြို မူလတန်း ဆရာအတတ်ပညာသင်တန်း(၁၁/၂၀၂၄) သင်တန်းသား သင်တန်းသူ ကြိုဆိုပွဲအခမ်းအနား ကျင်းပခဲ့ရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီးတို့ တက်ရောက်ချီးမြှင့်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယခုလို လုပ်ငန်းခွင်အကြို မူလတန်းဆရာ အတတ်ပညာသင်တန်းများမှ အရည်အသွေးမြင့် ဆရာအတတ်ပညာများရရှိစေရန်၊ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး သင်ကြားစွမ်းရည် မြင့်မားသော လက်ထောက်မူလတန်းပြ ဆရာလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်၊ ဗလငါးတန်နှင့် ပြည့်ဝသော နိုင်ငံ့သားကောင်းများကို ပြုစုပျိုးထောင်ပေးနိုင်ရန်တို့ဖြစ်ကြောင်း၊ သင်ကြားသင်ယူမှု လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး အထူးအလေးထား ဆောင်ရွက်ကြစေလိုကြောင်းနှင့် သင်တန်းမှပို့ချမည့် သင်ခန်းစာများကို စိတ်ပါဝင်စားစွာ လေ့လာသင်ယူ၍ လက်တွေ့လုပ်ငန်းခွင်တွင် အကောင်းဆုံး ပြန်လည်အသုံးချနိုင်သည်အထိ ကြိုးစားသင်ယူကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာမင်းမင်းသိမ့်က သင်တန်းသားမောင်မယ်များအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။ ယင်းနောက် သင်တန်းသား သင်တန်းသူများက "ရတနာပုံ"၊ "မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း"နှင့် "ပဲခူးဟုခေါ်သည်" တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ခဲ့ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဂုဏ်ပြုငွေများနှင့် ပြည်ပညာရေးဒီဂရီကောလိပ်အတွက် သီးခြား ထောက်ပံ့ငွေကျပ်သိန်း ၅၀ ထောက်ပံ့ပေးအပ်ခဲ့သည်။




ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



နေပြည်တော် ဇူလိုင် ၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ဇေယျာဌာနီ - ၂ လမ်းသွယ် လက်ယာဘက် သတ်မှတ်နေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုနှင့် ကော်မရှင် အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်စိုက်ပျိုးကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သတ်မှတ်နေရာများ၌ ကျွန်းပင်များကို ဦးဆောင်စိုက်ပျိုးပေးကြပြီး အရာထမ်း၊ အမှုထမ်းများ၏ စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယနေ့ ကျင်းပသည့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် ၃၀၀ ကို စိုက်ပျိုးခဲ့ကြပြီး ယခင်နှစ် စိုက်ပျိုးခဲ့သည့် ကျွန်းပင် ၂၃၀ မှာလည်း ရှင်သန်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



မော်လမြိုင် ဇူလိုင် ၃

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ ကြာအင်းရပ်ကွက် အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညီညီစိုး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မွန်ပြည်နယ် အမျိုးသမီးကော်မတီအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

## ကြည့်ရှုအားပေး

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မွန်ပြည်နယ် အမျိုးသမီးကော်မတီ အဖွဲ့ဝင်များ၊ မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ တက်ရောက်လာသူများက သစ်မာအမျိုးအစားများဖြစ်သော မဟော်ဂနီ၊ မန်ကျဲ ရှား၊ စိန်ပန်းကြီး၊ ခရေ၊ ကံ့ကော်စသည့် သစ်မျိုး ငါးမျိုး အပင်အရေအတွက် ၇၀၀ ကို တပျော်တပါး စိုက်ပျိုးခဲ့ကြပြီး တက်ရောက်လာသူများ၏ တပျော်တပါး သစ်ပင်စိုက်ပျိုးနေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# လှည်းကူးပညာရေးဒီဂရီကောလိပ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



လှည်းကူး ဇူလိုင် ၃

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် လှည်းကူးပညာရေးဒီဂရီကောလိပ်နှင့် မြို့နယ် သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ မိုးရာသီစုပေါင်းသစ်ပင် စိုက်ပျိုးပွဲကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ လှည်းကူးပညာရေးဒီဂရီကောလိပ်တွင် ကျင်းပသည်။

အဆိုပါမိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)ဒုတိယဗိုလ်မှူးကြီး နန်းထက်ဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)ဦးခင်ဇော်၊ လှည်းကူးပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါ်အေးအေးလွင်နှင့် ဆရာ ဆရာမများ၊ မြို့နယ်သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများက ပိတောက်၊ စိန်ပန်းပင်နှင့် ပျဉ်းမပင် စုစုပေါင်း ပျိုးပင် ၁၅၀ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြင့်ဦး

# ရေတာရှည်မြို့နယ်၌ ရိုဘက်စတာကော်ဖီပျိုးပင်များကို စိုက်ပျိုးမည့်တောင်သူများထံ အခမဲ့ပေးအပ်



ရေတာရှည် ဇူလိုင် ၃

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဂုန်မင်းကွင်းကျေးရွာအုပ်စု (၆/၀)မိုင်ရှိ စိုင်းရဘိနယ် စိုင်းရပျိုးဥယျာဉ်တွင် ယနေ့နံနက်ပိုင်းက မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့်တာဝန်ရှိသူများက ကော်ဖီ စိုက်တောင်သူများထံ ကော်ဖီပျိုးပင်များ အခမဲ့ဖြန့်ဝေပေးသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဥက္ကာသန်း၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနေလင်းဇော်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးထက်လင်းနှင့် တာဝန်ရှိသူများက သာဂရမြို့ (၆)မိုင်ကျေးရွာရှိ ရိုဘက်စတာ ကော်ဖီပင်စိုက်ပျိုးမည့် လုပ်ငန်းရှင် တောင်သူများထံ ရိုဘက်စတာကော်ဖီပျိုးပင် ၁၀၀၀ ကို အခမဲ့ပေးအပ်ပြီး ပျိုးပင်များ စိုက်ပျိုးမည့်နေရာ ကြည့်ရှုခြင်းနှင့် စိုက်နည်းစနစ် မှန်ကန်ရေးအတွက် လက်တွေ့စိုက်ပျိုးခဲ့ကြသည်။

ရေတာရှည်မြို့နယ်၌ ၂၀၂၄ ခုနှစ်အတွင်း ရိုဘက်စတာ ကော်ဖီပင် စိုက်ပျိုးရန်အတွက် လျာထားဧက ၃၇ ဧက ရှိရာ ယင်းဧကအတွက် စိုက်ပျိုးနိုင်ရန် ရိုဘက်စတာ ကော်ဖီပျိုးပင်များကို လုပ်ငန်းရှင်တောင်သူ ၁၇ ဦးထံ ဆက်လက်ဖြန့်ဝေပေးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဟင်္သာတမြို့နယ်တွင် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပွဲကျင်းပ

ဟင်္သာတ ဇူလိုင် ၃

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီ သစ်ပင်စိုက်ပွဲအခမ်းအနားကို ခရိုင်သစ်တောဦးစီးဌာနက ကြီးမှူး၍ ယနေ့နံနက် ၈ နာရီတွင် နည်းပညာတက္ကသိုလ်(ဟင်္သာတ) ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

## တက်ရောက်

အခမ်းအနားတွင် ဟင်္သာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးနှင့် အဖွဲ့ဝင်များဦးဆောင်၍ အခမ်းအနားသို့တက်ရောက်လာသူများက ပျိုးပင်များကို စိုက်ပျိုးမည့် သတ်မှတ်နေရာများတွင် စိုက်ပျိုးခဲ့ကြပြီး ခရိုင်ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးနှင့် အဖွဲ့ဝင်များက သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့ကျင်းပခဲ့သော ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ကံ့ကော်၊ ခရေ၊ ရေတမာ၊ စွယ်တော်၊ စိန်တံချူ၊ တပေဘူတ၊ စိန်ပန်း၊ ငုရွှေ၊ ပိတောက်စသည့် ရတနာတန်းဝင် အဖိုးတန်သစ်မာပင်နှင့် အရိပ်ရလေကာပင်အမျိုးအစား ၁၂ မျိုး စုစုပေါင်းပျိုးပင် ၃၇၀ ကို စိုက်ပျိုးခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)



**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သည် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားရေးစိတ်ဓာတ်ကို ရှင်သန်စေသောပွဲတော်ကြီးတစ်ခုဖြစ်




နေပြည်တော် ဇူလိုင် ၃

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေး၊ ဦးရဲတင့်၊ ဒေါက်တာမိုးဇော်ထွန်း၊ ဒေါက်တာအောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးဥက္ကဋ္ဌ၊ အခမ်းအနားအပြင်အဆင်ပိုင်းဆိုင်ရာ ပါဝင်ဆောင်ရွက်မည့် ကုမ္ပဏီမှတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံသဘင်အစည်းအရုံးတို့မှ ဥက္ကဋ္ဌများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သည် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားရေးစိတ်ဓာတ်ကို ရှင်သန်စေသောပွဲတော်ကြီးတစ်ခုဖြစ်ပြီး နိုင်ငံတော်အဆင့်အားကစားပြိုင်ပွဲဖြစ်သည့်အတွက် အကြီးကျယ်ဆုံးနှင့် အခမ်းနားဆုံး ကျင်းပမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အားကစားသမားများ ပေါ်ထွန်းစေရန် ရည်ရွယ်ကျင်းပသည့် ပွဲတော်တစ်ခုဖြစ်ပြီး ဖွင့်ပွဲနှင့်ပိတ်ပွဲအစီအစဉ်များကို အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြည့်စုံကောင်းမွန်စေရန်နှင့် တစ်မျိုးသားလုံး ဂုဏ်ယူဝင့်ကြွားနိုင်စေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း။

၂၀၁၃ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့သည့် ပုံစံကို မှီငြမ်း၍ ဖွင့်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း၊ အသံစနစ်၊ မီးအလင်းအမှောင်များနှင့်ပေါင်းစပ်ပြီး ရိုးရာယဉ်ကျေးမှုကို အသွင်ထူးခြားအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သမားရိုးကျပွဲတော်များ ဆောင်ရွက်သည်ထက် ကြည့်ရှုနေကြသည့် တစ်နိုင်ငံလုံး ပြည်သူများက ယနေ့ဖြစ်ပေါ်နေသည့် နိုင်ငံ၏အနေအထား၊ စည်းလုံးမှု၊ မျိုးချစ်စိတ်၊ နိုင်ငံအတွက် တိုးတက်အောင်ကြိုးစားလိုသည့် အားမာန်ဖြစ်စေမည့်အရာများကို တွေ့မြင်စေမည်ဖြစ်ကြောင်း၊ ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် ဟာသပညာရှင်များအစည်းအရုံးတို့နှင့် ညှိနှိုင်းဆွေးနွေးတိုင်ပင်သွားမည်ဖြစ်ကြောင်း၊ မျိုးချစ်စိတ်ဓာတ်၊ လူမျိုးကိုချစ်သည့်စိတ်ကို ဖော်ညွှန်းသည့် တစ်နိုင်ငံလုံးပါဝင်သည့် အခမ်းအနားဖြစ်သည့်အတွက် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲနှင့်ပိတ်ပွဲကို ခမ်းခမ်းနားနား ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဝိုင်းဝန်းဆွေးနွေးအကြံပြုကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ လုပ်ငန်းစီမံချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အခမ်းအနားအပြင်အဆင်ပိုင်းဆိုင်ရာ ပါဝင်ဆောင်ရွက်မည့် ကုမ္ပဏီမှ တာဝန်ရှိသူက (Stage) ဇာတ်ခုံဒီဇိုင်းတည်ဆောက်မည့်ပုံစံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေး၊ ဦးရဲတင့်၊ ဒေါက်တာမိုးဇော်ထွန်း၊ ဒေါက်တာအောင်ဇေယျတို့က ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်မည့် အစီအစဉ်၊ (Performance) သရုပ်ဖော်အကအလှများ၊ နည်းပညာပိုင်းဆိုင်ရာများ အပါအဝင် အခမ်းအနားကျင်းပနေစဉ်ဆောင်ရွက်ထားရှိရန် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြသည်။

ထို့နောက် စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ အနုပညာဦးစီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ တပ်မတော်ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းတပ်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့် တက်ရောက်လာသူများက မီးရှူးမီးပန်းအလှဆင်ပစ်ဖောက်ရန် ဆောင်ရွက်ထားရှိမှု၊ တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်ရေး ဆောင်ရွက်မည့်အစီအစဉ်၊ ဖွင့်ပွဲ၊ ပိတ်ပွဲတွင် ပါဝင်မည့်ဖျော်ဖြေရေးအစီအစဉ်များ၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရေး ဆောင်ရွက်ထားရှိမှု စသဖြင့်အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**သတင်းစဉ်**

# မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ (၂၈)ကြိမ်မြောက် အစည်းအဝေးကျင်းပ မျိုးသစ်မျိုးဖျား ၇၆ မျိုးအပေါ် ဝိုင်းဝန်းသုံးသပ်ဆွေးနွေး



နေပြည်တော် ဇူလိုင် ၃

မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ (၂၈) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ကော်မတီဝင်များ၊ သီးနှံကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များနှင့် ပညာရှင်ဝန်ထမ်းများ တက်ရောက်ကြပြီး မျိုးသစ်မျိုးဖျား ၇၆ မျိုးတို့အပေါ် ဝိုင်းဝန်းသုံးသပ်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် မျိုးစေ့ထုတ်လုပ် ဖြန့်ဖြူးရေးတွင် ပုဂ္ဂလိက ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အလွန်အရေးပါကြောင်း၊ မျိုးကောင်းမျိုးသန့် မျိုးစေ့ ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းကို မျိုးစေ့ဥပဒေနှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်စေရန် ပုဂ္ဂလိက မျိုးစေ့လုပ်ငန်းရှင်များ အသိပညာပေးခြင်းကိုအလေးထား ဆောင်ရွက်ပေးရန် လိုကြောင်း၊ တောင်သူများ လိုအပ်ချိန်တွင် လိုအပ်သည့် မျိုးစေ့ပမာဏကို လွယ်ကူစွာ ဝယ်ယူရရှိနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများက ကွန်ရက်တစ်ခု ဖန်တီးပေးရန် လိုအပ်ကြောင်း၊ တောင်သူ လယ်သမား အကျိုးစီးပွားနှင့် စားသုံးသူ ဘေးကင်းလုံခြုံရေး အပြင် လယ်ယာကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုဆောင်ရွက်ကြရန် လိုကြောင်း၊ မျိုးသစ်အသိအမှတ်ပြုလက်မှတ်ရရှိရန် တင်ပြလာသော သီးနှံမျိုးသစ်များကို မျိုးစေ့ဥပဒေနှင့်အညီ စိစစ်ရာတွင် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီမှု၊ အသိအမှတ်ပြု လက်မှတ်ရရှိပြီး မျိုးများထက် ထူးခြားသာလွန်မှု၊ ဇီဝမျိုးစုံမျိုးကွဲများကို ထိခိုက်နိုင်မှု ရှိ/ မရှိ စသည့်အချက်များနှင့်အညီ နည်းပညာကော်မတီက စိစစ်ပြီး သဘောထားမှတ်ချက်များနှင့်အတူ တင်ပြလာခြင်းအပေါ် ဆွေးနွေးဆုံးဖြတ်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီအတွင်းရေးမှူးက အစည်းအဝေးတွင် မျိုးသစ်အသိအမှတ်ပြုလက်မှတ် ရရှိရန် အစိုးရဌာနနှင့် ကုမ္ပဏီများမှ တင်ပြလာသည့် သီးနှံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌနှင့် အစည်းအဝေး တက်ရောက် လာကြသူများက ဝိုင်းဝန်းသုံးသပ် ဆွေးနွေးကြသည်။

မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီအနေဖြင့် (၂၇) ကြိမ်မြောက် အစည်းအဝေးအထိ လယ်ယာသီးနှံ ၆၇၁ မျိုး၊ ဥယျာဉ်ခြံသီးနှံ ၈၆၈ မျိုး၊ စက်မှုသီးနှံ ၁၂၈ မျိုးနှင့် မိဘမျိုးလိုင်း ၁၉၅ စုံ စုစုပေါင်း မျိုးသစ်မျိုးဖျား ၁၈၆၂ မျိုးကို အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခဲ့ပြီး ဖြစ်ကြောင်းနှင့် ယနေ့ကျင်းပသည့် (၂၈) ကြိမ်မြောက် အစည်းအဝေးတွင် သက်ဆိုင်ရာ သီးနှံကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့များနှင့် မျိုးစေ့ ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီတို့က အဆင့်ဆင့်စိစစ်၍ တင်ပြလာသော စမ်းသပ်စိုက်ပျိုးအဖြေရရှိပြီးသည့် သီးနှံ ၁၂ မျိုး၏ မျိုးသစ်မျိုးဖျား ၄၃ မျိုး၊ အချက်အလက်မှတ်တမ်း အပြည့်အစုံဖြင့် တင်ပြမည့်သီးနှံ ၁၂ မျိုး၏ မျိုးသစ်မျိုးဖျား ၃၃ မျိုး စုစုပေါင်း မျိုးသစ်မျိုးဖျား ၇၆ မျိုးတို့အပေါ် သုံးသပ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■ ဇူလိုင် ၁၃ မှ

ဂျိုရှုအာဗန်သည် မေလကတည်းက ပွဲထိုးသတ်ရန်စီစဉ်ခဲ့သော်လည်း မကြာခဏပွဲပျက်ခဲ့ပြီး နောက်ဆုံးအဖြစ် ဇွန် ၁၅ ရက်တွင် ရုရှားဖိုက်တာ အူလန်ဘီကော့ဗ်နှင့် ထိုးသတ်ရန် စီစဉ်ထားသော်လည်း ပွဲမထိုးခင်တစ်ရက်အလို ဆေးစစ်ဝိတ်ချိန်ရာတွင် ပြိုင်ဘက်ကစားသမားမှာ ဝိတ်ပိုနေသဖြင့် ပွဲထပ်ပျက်ခဲ့ခြင်းဖြစ်သည်။ ဂျိုရှုအာဗန်သည် ယခုအကြိမ်တွင် အမေရိကန်နိုင်ငံသား ဂွါန်ဆင်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ ဂွါန်ဆင်သည် MMA ကစားသမားဘဝ ပွဲပေါင်း ၂၀ ကျော် ထိုးသတ်ထားပြီး UFC နှင့် လက်တွဲပြီးနောက် ရှစ်ပွဲထိုးသတ်ရာ လေးပွဲနိုင် လေးပွဲရှုံးနိမ့်ထားသည်။ ဂျိုရှုအာဗန်သည် UFC နှင့် လက်တွဲပြီးနောက် ရလဒ်ကောင်းရရှိထားသူဖြစ်ပြီး သုံးပွဲထိုးသတ်ရာ သုံးပွဲစလုံး အနိုင်ရထားပြီး MMA ကစားသမားဘဝ ၁၁ ပွဲထိုးသတ်ရာ ၁၀ ပွဲနိုင် တစ်ပွဲရှုံးနိမ့်ထားသည်။

**သတင်း-ရှိုင်းထက်ဇော်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဇူလိုင် ၃

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# အငြိမ်းစားမိဘပြည်သူများသို့ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လစာထုတ်ပေးခြင်းလုပ်ငန်းကို e–Pension စနစ်မှ Centralized e–Pension စနစ်သို့ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှစ၍ အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဇွန်လအထိ Centralized e–Pension စနစ် ဆောင်ရွက်နေသည့်ဘဏ်ခွဲပေါင်း (၁၀၀) ဘဏ်ရှိပြီဖြစ်ပါသည်။ အဆိုပါဘဏ်ခွဲများရှိ အငြိမ်းစားများအနေဖြင့် အောက်ဖော်ပြပါ ဘဏ်ခွဲ (၁၀၀) အနက် မည်သည့်ဘဏ်ခွဲတွင်မဆို ပင်စင်လစာများကို ဝန်ဆောင်ခအခမဲ့ဖြင့် ထုတ်ယူနိုင်မည်ဖြစ်ပါကြောင်းနှင့် ဝန်ဆောင်မှုထပ်တိုးသည့် ဘဏ်ခွဲအမည်စာရင်းအား www.meb.gov.mm နှင့် Myanma Economic Bank Facebook Page တို့တွင် အချိန်နှင့်တစ်ပြေးညီ တင်ပြပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၁။ | ပျဉ်းမနားဘဏ်ခွဲ | ၂၁။ | ငွေစုဘဏ်ခွဲ(၃) | ၄၁။ | တာချီလိတ်ဘဏ်ခွဲ | ၆၁။ | ကော့သောင်းဘဏ်ခွဲ | ၈၁။ | တိုက်ကြီးဘဏ်ခွဲ |
| ၂။ | လယ်ဝေးဘဏ်ခွဲ | ၂၂။ | ငွေစုဘဏ်ခွဲ(၄) | ၄၂။ | လွိုင်လင်ဘဏ်ခွဲ | ၆၂။ | ဇန်းမော်ဘဏ်ခွဲ | ၈၂။ | လှည်းကူးဘဏ်ခွဲ |
| ၃။ | တပ်ကုန်းဘဏ်ခွဲ | ၂၃။ | သန်လျင်ဘဏ်ခွဲ | ၄၃။ | လားရှိုးဘဏ်ခွဲ | ၆၃။ | မုံရွာဘဏ်ခွဲ | ၈၃။ | မှော်ဘီဘဏ်ခွဲ |
| ၄။ | ပုဗ္ဗသီရိဘဏ်ခွဲ | ၂၄။ | ကြည့်မြင်တိုင်ဘဏ်ခွဲ | ၄၄။ | စစ်ကိုင်းဘဏ်ခွဲ | ၆၄။ | ရွှေဘိုဘဏ်ခွဲ | ၈၄။ | ထန်းတပင်(အင်းစိန်)ဘဏ်ခွဲ |
| ၅။ | ဘဏ်ခွဲ(၁)၊ မန္တလေး | ၂၅။ | ကမာရွတ်ဘဏ်ခွဲ | ၄၅။ | မြောင်ဘဏ်ခွဲ | ၆၅။ | ဘုတလင်ဘဏ်ခွဲ | ၈၅။ | ရွှေပြည်သာဘဏ်ခွဲ |
| ၆။ | ဘဏ်ခွဲ(၂)၊ မန္တလေး | ၂၆။ | သဃ်န်းကျွန်းဘဏ်ခွဲ | ၄၆။ | ဘားအံဘဏ်ခွဲ | ၆၆။ | ခင်ဦးဘဏ်ခွဲ | ၈၆။ | လှိုင်သာယာဘဏ်ခွဲ |
| ၇။ | ဘဏ်ခွဲ(၃)၊ မန္တလေး | ၂၇။ | တာမွေဘဏ်ခွဲ | ၄၇။ | မြဝတီဘဏ်ခွဲ | ၆၇။ | ဒီပဲယင်းဘဏ်ခွဲ | ၈၇။ | မင်္ဂလာဒုံဘဏ်ခွဲ |
| ၈။ | ညောင်ဦးဘဏ်ခွဲ | ၂၈။ | မြောက်ဥက္ကလာပဘဏ်ခွဲ | ၄၈။ | ကော့ကရိတ်ဘဏ်ခွဲ | ၆၈။ | နမ္မတူဘဏ်ခွဲ | ၈၈။ | ကော့မှူးဘဏ်ခွဲ |
| ၉။ | မိတ္ထီလာဘဏ်ခွဲ | ၂၉။ | အင်းစိန်ဘဏ်ခွဲ | ၄၉။ | မကွေးဘဏ်ခွဲ | ၆၉။ | ရမ်းပြဲဘဏ်ခွဲ | ၈၉။ | ကွမ်းခြံကုန်းဘဏ်ခွဲ |
| ၁၀။ | ပြင်ဦးလွင်ဘဏ်ခွဲ | ၃၀။ | ပဲခူးဘဏ်ခွဲ | ၅၀။ | သရက်ဘဏ်ခွဲ | ၇၀။ | ကွတ်ခိုင်ဘဏ်ခွဲ | ၉၀။ | ကျောက်တန်းဘဏ်ခွဲ |
| ၁၁။ | မြင်းခြံဘဏ်ခွဲ | ၃၁။ | တောင်ငူဘဏ်ခွဲ | ၅၁။ | မင်းဘူးဘဏ်ခွဲ | ၇၁။ | မိုးမိတ်ဘဏ်ခွဲ | ၉၁။ | အမရပူရဘဏ်ခွဲ |
| ၁၂။ | ကျောက်ဆည်ဘဏ်ခွဲ | ၃၂။ | သာယာဝတီဘဏ်ခွဲ | ၅၂။ | ပခုက္ကူဘဏ်ခွဲ | ၇၂။ | မတိမ်းဘဏ်ခွဲ | ၉၂။ | ပုသိမ်ကြီးဘဏ်ခွဲ |
| ၁၃။ | ရမည်းသင်းဘဏ်ခွဲ | ၃၃။ | ပြည်ဘဏ်ခွဲ | ၅၃။ | ဘဏ်ခွဲ(၁)၊မော်လမြိုင် | ၇၃။ | ဆီဆိုင်ဘဏ်ခွဲ | ၉၃။ | ဝမ်းတွင်းဘဏ်ခွဲ |
| ၁၄။ | ဘဏ်ခွဲ(၁)၊ ရန်ကုန် | ၃၄။ | ပုသိမ်ဘဏ်ခွဲ | ၅၄။ | ဘဏ်ခွဲ(၂)၊မော်လမြိုင် | ၇၄။ | ကျောက်ပန်းတောင်းဘဏ်ခွဲ | ၉၄။ | သာစည်ဘဏ်ခွဲ |
| ၁၅။ | ဘဏ်ခွဲ(၂)၊ ရန်ကုန် | ၃၅။ | ဟင်္သာတဘဏ်ခွဲ | ၅၅။ | သထုံဘဏ်ခွဲ | ၇၅။ | ကလေးဘဏ်ခွဲ | ၉၅။ | ပျော်ဘွယ်ဘဏ်ခွဲ |
| ၁၆။ | ဘဏ်ခွဲ(၃)၊ ရန်ကုန် | ၃၆။ | မြောင်းမြဘဏ်ခွဲ | ၅၆။ | စစ်တွေဘဏ်ခွဲ | ၇၆။ | ချောက်ဘဏ်ခွဲ | ၉၆။ | အိမ်မဲဘဏ်ခွဲ |
| ၁၇။ | ဘဏ်ခွဲ(၄)၊ ရန်ကုန် | ၃၇။ | မအူပင်ဘဏ်ခွဲ | ၅၇။ | သံတွဲဘဏ်ခွဲ | ၇၇။ | တောင်တွင်းကြီးဘဏ်ခွဲ | ၉၇။ | ရေကြည်ဘဏ်ခွဲ |
| ၁၈။ | ဘဏ်ခွဲ(၅)၊ ရန်ကုန် | ၃၈။ | ဖျာပုံဘဏ်ခွဲ | ၅၈။ | ကျောက်ဖြူဘဏ်ခွဲ | ၇၈။ | ဒလဘဏ်ခွဲ | ၉၈။ | ကျုံပျော်ဘဏ်ခွဲ |
| ၁၉။ | ဘဏ်ခွဲ(၆)၊ ရန်ကုန် | ၃၉။ | တောင်ကြီးဘဏ်ခွဲ | ၅၉။ | မြိတ်ဘဏ်ခွဲ | ၇၉။ | ဒဂုံ–တောင်ဘဏ်ခွဲ | ၉၉။ | ဝါးခယ်မဘဏ်ခွဲ |
| ၂၀။ | ငွေစုဘဏ်ခွဲ(၁) | ၄၀။ | ကျိုင်းတုံဘဏ်ခွဲ | ၆၀။ | ထားဝယ်ဘဏ်ခွဲ | ၈၀။ | ဒဂုံ–မြောက်ဘဏ်ခွဲ | ၁၀၀။ | အင်္ဂပူဘဏ်ခွဲ |

**မြန်မာ့စီးပွားရေးဘဏ်**

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ




နေပြည်တော် ဇူလိုင် ၃

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေသည့် တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လတ်တလောဖြစ်ပွားနေသော ကချင်ပြည်နယ် ရေကြီးရေလျှံမှုအပါအဝင် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တစ်လျှောက် ဆက်စပ်ဖြစ်ပွားလာနိုင်သည့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ၊ မုတ်သုံကာလအတွင်း လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများနှင့် ပေါင်းစပ်ညှိနှိုင်းရေးဆိုင်ရာများ ဆောင်ရွက်နိုင်ရန် ညှိနှိုင်းအစည်းအဝေး ခေါ်ယူခြင်းဖြစ်ကြောင်း၊ ကဏ္ဍအလိုက် ကြိုတင်စီမံထားရှိမှုများကို တင်ပြကြရန်နှင့် အချိန်နှင့်တစ်ပြေးညီ အချိတ်အဆက်မိမိ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝိုင်းဝန်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များက သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းအလိုက်၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဒေသခံပြည်သူများနှင့် အစိုးရတာဝန်ရှိသူများအကြား ပေါင်းစည်းဆောင်ရွက်ရန် ကိစ္စရပ်များကို တင်ပြဆွေးနွေးကြပြီး မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြစ်ရေကြီးမှုအခြေအနေကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဂန့်ဂေါမြို့၌ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ဂန့်ဂေါ ဇူလိုင် ၃

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့တွင် ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ဂန့်ဂေါခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ဦးစွာ ဂန့်ဂေါခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး ဂန့်ဂေါမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းက ဆောင်ရွက်ထားသည်များကို ရှင်းလင်းတင်ပြကြရာ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌက သက်ဆိုင်ရာလုပ်ငန်းကော်မတီများအား အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်သွားကြရန် နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။



ထို့နောက် ခရိုင်မီးသတ်ဦးစီးဌာနက ကယ်ဆယ်ရေးလုပ်ငန်းများ ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန် ကယ်ဆယ်ရေးပစ္စည်းများ စုဆောင်းထားရှိမှုအခြေအနေများကို ဂန့်ဂေါခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မျိုးသိန်း၊ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ရဲရန်ပိုင်၊ အဖွဲ့ဝင် ဒုတိယရဲမှူးကြီး ကျော်ဆွေဦး၊ ဂန့်ဂေါမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## နန့်ယင်းချောင်းနှင့် နန့်ကောင်းချောင်း ရေကြီးမှုအခြေအနေ

နေပြည်တော် ဇူလိုင် ၃

ယနေ့နံနက် ၇ နာရီခွဲအချိန် တိုင်းထွာချက်အရ နန့်ယင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ နှစ်ပေခန့် (၅၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၇ နာရီခွဲအချိန် တိုင်းထွာချက်အရ နန့်ကောင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ ပေဝက်ခန့် (၁၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးကောင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# စုပေါင်းလုပ်ဆောင်မှုနှင့် မျှဝေတန်ဖိုးများ၏ စွမ်းအားအတွက် သက်သေတစ်ခုအဖြစ် ရပ်တည်လျက်ရှိ

**စီးပွားရေး မသေချာမရေရာမှုများ၊ လူမှုရေးမညီမျှမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများဖြင့် ထင်ရှားသောခေတ်တွင် သမဝါယမစီးပွားရေးပုံစံသည် မျှော်လင့်ချက် မီးရှူးတန်ဆောင်တစ်ခုအဖြစ် ထင်ရှားသည်။**

**ထွန်းထွန်းလင်း**

ရပ်ရွာစွမ်းအားမြှင့်တင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုတွင် အမြစ်တွယ်နေသည့် သမဝါယမများသည် ပိုမိုမျှတပြီး ခံနိုင်ရည်ရှိသော အနာဂတ်ဆီသို့ အလားအလာရှိသောလမ်းကြောင်းကို ပေးဆောင်လျက်ရှိသည်။ ဤဆောင်းပါးသည် အချိန်၏ အရေးကြီးသော ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် အားလုံးအတွက် ကောင်းမွန်သောအနာဂတ်ကို တည်ဆောက်ရန်အတွက် သမဝါယမများကို မည်ကဲ့သို့ ထူးခြားစွာရပ်တည်ထားကြောင်း ဖော်ပြထားသည်။




### သမဝါယမ၏ အနှစ်သာရ

သမဝါယမများသည် ပြင်ပရင်းနှီးမြှုပ်နှံသူများထက် ၎င်းတို့၏အဖွဲ့ဝင်များ အကျိုးအတွက် လုပ်ဆောင်သည့် အဖွဲ့ဝင်ပိုင်နှင့် အဖွဲ့ဝင်အုပ်ချုပ်သည့်လုပ်ငန်းဖြစ်သည်။ ပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှုတွင် အခြေခံခြားနားချက်က သမဝါယမများကို အကျိုးအမြတ်အတွက် သမားရိုးကျ စီးပွားရေးလုပ်ငန်းများမှ ခွဲခြားသတ်မှတ်ပေးသည်။ သမဝါယမအသင်းဝင်များ၊ ဝန်ထမ်းများ၊ စားသုံးသူများ၊ ထုတ်လုပ်သူများ သို့မဟုတ် ယင်းတို့ကို ပေါင်းစပ်နိုင်သည့် သမဝါယမအသင်းဝင်များသည် ပုံမှန်အားဖြင့် "အဖွဲ့ဝင်တစ်ဦး၊ ဆန္ဒမဲ" ၏ နိယာမကို လိုက်နာသည့် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် ညီတူညီမျှ ပြောဆိုခွင့်ရှိသည်။

### Economic Resilience နှင့် Inclusion

သမဝါယမများ၏ အထင်ရှားဆုံးသော အားသာချက်တစ်ခုမှာ စီးပွားရေးကျဆင်းမှုများနှင့် ရင်ဆိုင်ရချိန်တွင် ၎င်းတို့၏ ခံနိုင်ရည်ရှိမှုပင်ဖြစ်သည်။ အကျိုးအမြတ်အများဆုံးရရန် မရှိမဖြစ်လိုအပ်သည်ထက် အဖွဲ့ဝင်များ၏ လိုအပ်ချက်နှင့် အကျိုးစီးပွားများက တွန်းအားပေးသောကြောင့် သမဝါယမများသည် ရေရှည်တည်ငြိမ်မှုနှင့် အကျိုးခံစားခွင့်များကို သာတူညီမျှ ခွဲဝေမှုအနေဖြင့် ဦးစားပေးလေ့ရှိသည်။ ရေတိုအကျိုးအမြတ်များထက် ရေရှည်တည်တံ့မှုကို အာရုံစိုက်ခြင်းသည် လူမှုအသိုက်အဝန်းများ၏ စီးပွားရေးအကျပ်အတည်းများကို ပိုမိုထိရောက်စွာ ကြံ့ကြံ့ခံနိုင်စေပါသည်။

ထို့အပြင် သမဝါယမများသည် သမားရိုးကျ စီးပွားရေးစနစ်များဖြင့် ဘေးဖယ်ထားခြင်း သို့မဟုတ် လျှော့ချခံနေရသည့် လူတစ်ဦးချင်းနှင့် အုပ်စုများအတွက် အခွင့်အလမ်းများ ပေးဆောင်သည်။ အရင်းအမြစ်များကို ပေါင်းစည်းပြီး အန္တရာယ်များကို မျှဝေခြင်းဖြင့် သမဝါယမများသည် ဈေးကွက်များ၊ ဘဏ္ဍာရေးနှင့် အခြားလက်လှမ်းမမီနိုင်သော ဝန်ဆောင်မှုများဆီသို့ ဝင်ရောက်နိုင်မည်ဖြစ်သည်။ ဤပူးပေါင်းပါဝင်မှုသည် စိုက်ပျိုးရေး၊ လက်လီ၊ အိမ်ရာနှင့် ဘဏ္ဍာရေးအပါအဝင် နယ်ပယ်အသီးသီးသို့ ပျံ့နှံ့သွားပြီး သမဝါယမများကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဘက်စုံသုံးကိရိယာအဖြစ် ဖန်တီးပေးသည်။

### လူမှုစွမ်းအားမြှင့်တင်ရေးနှင့် လူ့အဖွဲ့အစည်းတည်ဆောက်ရေး

သမဝါယမများသည် လူမှုစွမ်းအားမြှင့်တင်ရေးနှင့် ရပ်ရွာလူထုတည်ဆောက်ရေးတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ အဖွဲ့ဝင်များအား လုပ်ငန်းတွင် တိုက်ရိုက်အစုရှယ်ယာများ ပေးအပ်ခြင်းဖြင့် သမဝါယမများသည် ပိုင်ဆိုင်မှုနှင့် တာဝန်သိစိတ်တို့ကို တိုးပွားစေသည်။ ဤပူးပေါင်းဆောင်ရွက်မှုသည် အဖွဲ့ဝင်များ ဘုံရည်မှန်းချက်များဆီသို့ ပူးပေါင်းလုပ်ဆောင်သည့် ပိုမိုခိုင်မာအားကောင်းပြီး စည်းလုံးညီညွတ်သော အသိုက်အဝန်းကို ဖြစ်ပေါ်စေနိုင်သည်။

စီးပွားရေး အကျိုးအမြတ်များအပြင် သမဝါယမများသည် ပိုမိုကျယ်ပြန့်သော အသိုက်အဝန်းကို အကျိုးပြုသည့် လူမှုရေးအစပျိုးမှုများကို လုပ်ဆောင်လေ့ရှိသည်။ ၎င်းတို့တွင် ပညာရေးဆိုင်ရာ အစီအစဉ်များ၊ ကျန်းမာရေးဝန်ဆောင်မှုများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကြိုးပမ်းမှုများ ပါဝင်နိုင်သည်။ လူမှုရေးတာဝန်ယူမှုဆိုင်ရာ ကတိကဝတ်များကို သမဝါယမအခြေခံမှုများတွင် ထည့်သွင်းထားပြီး ရပ်ရွာ၏ ကောင်းကျိုးချမ်းသာသည် အဓိကအရေးပါသည့်အချက်အဖြစ် ရှိနေကြောင်း သေချာစေပါသည်။

### သဘာဝပတ်ဝန်းကျင် တည်တံ့ရေး

ကမ္ဘာကြီးသည် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုနှင့် ရာသီဥတုဖောက်ပြန်မှုတို့ကို ကိုင်တွယ်ဖြေရှင်းနေချိန်တွင် သမဝါယမများသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် စံနမူနာပြပေးသည်။ သမဝါယမအများအပြားသည် ရေရှည်တည်တံ့သော စိုက်ပျိုးရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် သို့မဟုတ် သယံဇာတ ထုတ်လုပ်မှုသက်သာသော နည်းလမ်းများဖြင့်ဖြစ်စေ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော အလေ့အကျင့်များကို လုပ်ဆောင်ရန် ကတိပြုပါသည်။ သမဝါယမပုံစံသည် ရေရှည်တွေးခေါ်မှုနှင့် သဘာဝအရင်းအမြစ်များထိန်းကျောင်းမှုကို အားပေးပြီး စီးပွားရေးလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှုနှင့် ချိန်ညှိပေးသည်။

### Case Studies – ပူးပေါင်းဆောင်ရွက်မှုများ

ဥပမာများစွာသည် သမဝါယမများ၏ အသွင်ကူးပြောင်းရေးအလားအလာကို ဖော်ပြသည် –

**– Mondragon ကော်ပိုရေးရှင်း (စပိန်)** – ဤအလုပ်သမားသမဝါယမအသင်းချုပ်သည် ကမ္ဘာပေါ်တွင် အကြီးဆုံးနှင့် အအောင်မြင်ဆုံးများထဲမှ တစ်ခုဖြစ်သည်။ Mondragon ၏ လုပ်သားပိုင်ဆိုင်မှု၊ ဆန်းသစ်တီထွင်မှုနှင့် ရပ်ရွာရင်းနှီးမြှုပ်နှံမှုများအပေါ် အလေးပေးမှုသည် ခိုင်မာသောဒေသန္တရ စီးပွားရေးနှင့် လူမှုပေါင်းစည်းညီညွတ်မှုအဆင့်ကို မြင့်မားစေသည်။

**– သမဝါယမဘဏ်များ(ကမ္ဘာတစ်ဝန်း)** – ခရက်ဒစ်ယူနီယံများကဲ့သို့သော ငွေကြေးသမဝါယမများသည် သန်းနှင့်ချီသောလူများအတွက် မရှိမဖြစ်လိုအပ်သော ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ပံ့ပိုးပေးပါသည်။ ၎င်းတို့သည် ဒေသခံလူထုအား ဝန်ဆောင်မှုပေးခြင်း၊ တရားမျှတသော ချေးငွေအလေ့အကျင့်များကို ပေးဆောင်ခြင်းနှင့် ဒေသခံစီးပွားရေးလုပ်ငန်းများကို ပံ့ပိုးပေးခြင်းတို့ကို အာရုံစိုက်လေ့ရှိသည်။

**– စိုက်ပျိုးရေးသမဝါယမများ (ကမ္ဘာလုံးဆိုင်ရာ)** – ကင်ညာကဲ့သို့သော နိုင်ငံများတွင် စိုက်ပျိုးရေးသမဝါယမများသည် အသေးစားလယ်သမားများအား ဈေးကွက်များ၊ နည်းပညာများနှင့် လေ့ကျင့်သင်ကြားမှုများကို ရယူနိုင်ရန် ကူညီပေးပါသည်။ လယ်သမားများ အတူတကွပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အတိုင်းအတာတစ်ခုအထိ စီးပွားရေးကိုရရှိပြီး ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို တိုးတက်စေနိုင်သည်။

### စိန်ခေါ်မှုများနှင့် အနာဂတ်လမ်းကြောင်းများ

သမဝါယမများသည် အကျိုးကျေးဇူးများစွာကို ပေးစွမ်းနိုင်သော်လည်း စိန်ခေါ်မှုများကို ရင်ဆိုင်နေကြရသည်။ အရင်းအနှီးရရှိရေး၊ စည်းမျဉ်းစည်းကမ်း အတားအဆီးများနှင့် ခိုင်မာသော အုပ်ချုပ်ရေးဖွဲ့စည်းပုံများ လိုအပ်မှုတို့သည် ဘုံအခက်အခဲများဖြစ်သည်။ သို့သော်လည်း ဤစိန်ခေါ်မှုများကို ပံ့ပိုးကူညီသောမူဝါဒများ၊ စွမ်းဆောင်ရည်မြှင့်တင်ရေး အစပျိုးမှုများနှင့် ဆန်းသစ်သောငွေကြေးထောက်ပံ့မှုယန္တရားများမှတစ်ဆင့် ဖြေရှင်းနိုင်ပါသည်။

အထူးသဖြင့် ကမ္ဘာလုံးဆိုင်ရာ လမ်းကြောင်းများသည် ရေရှည်တည်တံ့သောလုပ်ငန်း အလေ့အကျင့်များဆီသို့ ဦးတည်နေသောကြောင့် သမဝါယမများ၏ အနာဂတ်သည် အလားအလာကောင်းနေပါသည်။ လူမှုရေးနှင့် စည်းလုံးညီညွတ်မှု စီးပွားရေးစနစ် ထွန်းကားလာမှုနှင့်အတူ သမဝါယမများသည် ပိုမိုပါဝင်နိုင်၊ သာတူညီမျှရှိပြီး ရေရှည်တည်တံ့သောကမ္ဘာဆီသို့ ဦးတည်လမ်းပြရန် သမဝါယမများ ကောင်းစွာရပ်တည်လျက်ရှိသည်။

### နိဂုံး

သမဝါယမများသည် မိရိုးဖလာစီးပွားရေးပုံစံများအတွက် အစွမ်းထက်သော အစားထိုးမှုတစ်ခုကို ကိုယ်စားပြုပြီး စီးပွားရေးခံနိုင်ရည်ရှိမှု၊ လူမှုရေးဆိုင်ရာ စွမ်းဆောင်နိုင်မှုနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှုတို့ကို ပေးဆောင်သည်။ ၎င်းတို့၏ အဖွဲ့ဝင်များနှင့် လူမှုအသိုင်းအဝိုင်းများ၏ လိုအပ်ချက်များနှင့် သုခချမ်းသာကို ဦးစားပေးခြင်းဖြင့် သမဝါယမများသည် အားလုံးအတွက် ပိုမိုကောင်းမွန်သော အနာဂတ်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

၂၁ ရာစု၏ ရှုပ်ထွေးမှုများကို လမ်းညွှန်ရာတွင် ကျွန်ုပ်တို့၏ ပူးပေါင်းဆောင်ရွက်မှုပုံစံသည် စုပေါင်းလုပ်ဆောင်မှုနှင့် မျှဝေတန်ဖိုးများ၏ စွမ်းအားအတွက် သက်သေတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။ သမဝါယမများကို ပွေ့ဖက်ပြီး ပံ့ပိုးကူညီခြင်းသည် သာယာဝပြောသောကမ္ဘာကို ဖန်တီးနိုင်ပြီး တိုးတက်မှုသည် လူတိုင်းကို အကျိုးပြုနိုင်မည်မှာ ဧကန်မလွဲဖြစ်ပါကြောင်း ၂၀၂၄ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့ (စနေနေ့)တွင် ကျရောက်မည့် ၁၀၂ နှစ်ပြည့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

> **“သမဝါယမများသည် မိရိုးဖလာစီးပွားရေးပုံစံများအတွက် အစွမ်းထက်သော အစားထိုးမှုတစ်ခုကို ကိုယ်စားပြုပြီး စီးပွားရေး ခံနိုင်ရည်ရှိမှု၊ လူမှုရေးဆိုင်ရာ စွမ်းဆောင်နိုင်မှုနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှုတို့ကို ပေးဆောင်သည်။ ၎င်းတို့၏ အဖွဲ့ဝင်များနှင့် လူမှုအသိုင်းအဝိုင်းများ၏ လိုအပ်ချက်များနှင့် သုခချမ်းသာကို ဦးစားပေးခြင်းဖြင့် သမဝါယမများသည် အားလုံးအတွက် ပိုမိုကောင်းမွန်သော အနာဂတ်ကို တည်ဆောက်နိုင်မည်”**

## ပုသိမ်၌ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပ

ပုသိမ် ဇူလိုင် ၃

၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းက ပြုလုပ်ရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီး၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူး၏ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က "ဣတ္ထိယပန်းခင်း" တေးသီချင်းဖြင့် နှုတ်ခွန်းဆက် သီဆိုဖျော်ဖြေဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် Video Clip ပြသမှုနှင့် ဧရာဝတီတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့က "စေတနာဥယျာဉ်" သီချင်းဖြင့် သရုပ်ဖော် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က "မြန်မာအမျိုးသမီးလေးပါ" သီချင်းဖြင့် သီဆိုကပြဖျော်ဖြေပြီး ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဂုဏ်ပြုပန်းခြင်းအား တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံများရိုက်ကြပြီး ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် လက်မှုပညာ ထုတ်ကုန်ပစ္စည်းများ ပြသထားမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**




## တောင်ကြီးမြို့၌ မြန်မာအမျိုးသမီးများနေ့ အခမ်းအနား ကျင်းပ

တောင်ကြီး ဇူလိုင် ၃

ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အမျိုးသမီးကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်က ရှမ်းပြည်နယ်အတွင်းရှိ အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး လူမှုဝန်ထမ်းဦးစီးဌာန(ရုံးချုပ်)မှ ပေးပို့လာသည့် Video Clipနှင့် အမျိုးသမီးရေးရာအဖွဲ့ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို တင်ဆက်ပြသသည်။

ထို့နောက် ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုဆုများချီးမြှင့်ရာ ပြည်နယ်အတွင်း သုံးထပ်ကွမ်းလူရည်ချွန်ကျောင်းသူသုံးဦးနှင့် တိုင်းရင်းသားရိုးရာဝတ်စုံ ဝတ်စားဆင်ယင်မှု တင်ဆက်ပြသကြသည့် တိုင်းရင်းသားစာပေ ယဉ်ကျေးမှုအဖွဲ့များအား ပြည်နယ်ဝန်ကြီးချုပ်၊ ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများအား ပြည်နယ် အမျိုးသမီးကော်မတီနာယက ဒေါ်ညိုမီစော၊ စာစီစာကုံးပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတို့တွင် ဆုရရှိကြသူများနှင့် အာရှသက်ငယ်တန်း စားပွဲတင် တင်းနစ်ပြိုင်ပွဲအတွက် ရွေးချယ်ခြင်းခံရသူတို့အား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ ဇနီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားကြီးရှစ်မျိုးနှင့် ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသည့် တိုင်းရင်းသားများ၏ ရိုးရာဝတ်စားဆင်ယင်မှုများကို တင်ဆက်ပြသကြပြီး ခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် အမျိုးသမီးရေးရာကော်မတီ၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**




## တောင်ကြီးမြို့နယ်၌ ဂါလန် ၃၃၀၀၀ ဆံ့ ရေစုကန်ဖွင့်ပွဲ အခမ်းအနားကျင်းပ

တောင်ကြီး ဇူလိုင် ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်စေရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့သည့် ဂါလန် ၃၃၀၀၀ ဆံ့ ရေစုကန်ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁ ရက်နံနက်ပိုင်းက နားဟီးကျေးရွာအုပ်စု ထီရီး(တောင်) ကျေးရွာ၌ ကျင်းပသည်။

ဦးစွာ တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဝင်းစန္ဒာက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ထီရီး(တောင်) ကျေးရွာတွင် VDPစီမံကိန်းဖြင့် ဂါလန် ၃၃၀၀၀ ဆံ့ရေစုကန် တည်ဆောက်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကော်မတီဝင်တစ်ဦးက ရေစုကန်တည်ဆောက်ပေးမှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဂါလန် ၃၃၀၀၀ ဆံ့ ရေစုကန်ဖွင့်ပွဲ ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ရေသုံးစွဲမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထီရီး(တောင်) ကျေးရွာ၌ အဆိုပါ ရေစုကန်ကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ ၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀၇ သိန်း၊ စုစုပေါင်းရန်ပုံငွေကျပ် ၂၅၇ သိန်းကို အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကူအညီဖြင့် ကျေးရွာသူ ကျေးရွာသားများက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၂၂

## ထမ္မနိုင်-ကျွဲလူးအိုင်တံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ကော့မှူး ဇူလိုင် ၃

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ထမ္မနိုင်-ကျွဲလူးအိုင်တံတား ပေ ၆၀ တည်ဆောက်ခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဒေဝနှင့်အဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်ဆဲ အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။




အဆိုပါကျေးရွာချင်းဆက် ထမ္မနိုင်-ကျွဲလူးအိုင်တံတား ပေ ၆၀ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ထမ္မနိုင်ကျေးရွာ၊ ကျွဲလူးအိုင်ကျေးရွာ၊ ကိုးထောင်ကျေးရွာ၊ မျက်ဆံနီကျေးရွာအပါအဝင် ကျေးရွာကိုးရွာ၊ အိမ်ခြေ ၈၄၅ အိမ်၊ လူဦးရေ ၃၅၉၂ ဦးတို့၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့်ပညာရေးတို့အတွက် များစွာအကျိုးပြုနိုင်မည်ဖြစ်ပြီး တံတားတည်ဆောက်နေမှုမှာ ၂၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ကျော်သူရ (ကော့မှူး)**

## နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ ပထမအကြိမ် စုပေါင်းသွေးလှူဒါန်း



နေပြည်တော် ဇူလိုင် ၃

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သီတာဇင်၊ ဥက္ကဋ္ဌဒေါ်နုနုဆွေ၊ အတွင်းရေးမှူး ဒေါ်ဖြူဖြူမြင့်နှင့် အဖွဲ့ဝင်များဦးစီး၍ ပထမအကြိမ် စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် ခုတင်(၁၀၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ထို့နောက် နေပြည်တော် ခုတင်(၁၀၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးမှ တာဝန်ရှိသူများက နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေနှင့် တာဝန်ရှိသူများက သွေးလှူဒါန်းသည့် အမျိုးသမီးရေးရာအဖွဲ့ဝင် ၃၉ ဦးအား ကြက်ဥ၊ အားဖြည့်အချိုရည်နှင့် အာဟာရဖြစ်အစားအစာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

**ဒေါက်တာထွန်းတင့်**

## ရုပ်ပြောင်း ရုပ်လွှဲ၊ သို့မဟုတ် အဌားခန္ဓာမြောင်ကြတယ် (၃)

**(ယမန်နေ့မှအဆက်)**

ဆိုခဲ့ပြီးသည့်အတိုင်း လှင်ကန်သည် သာမန်တုတ်၊ နွားမောင်းသောတုတ်၊ လက်နက်အဖြစ် အသုံးပြုရသောတုတ်ဟူသော၊ အဓိပ္ပာယ်သုံးမျိုး အပြင် အခြားအနက်ပွားတစ်ခုရှိသေးသည်။ ယင်းအနက်မှာ 'အဆတိုး၊ အဆတိုးထမ်းပိုး' ဟူသော အနက်ပွားဖြစ်ပေသည်။ တွင်းသင်းတိုက်ဝန် မဟာစည်သူရေးသည့် ပေါရာဏကထာစာတမ်းအရ နောက်ဆရာတို့ လက်ာ်သီကုံးထားသော ပေါရာဏကထာလက်ာ်သစ်တွင် 'ဖီလာဧကန်၊ မုချမှန်၏။ လှန် (လှင်)ကန်ပွားတိုး' ဟူ၍ပြထားသည်။ ယင်း 'အဆတိုး' သော 'လှင်ကန်' ကို အဆတိုးသောအသုံးတူသော 'ထမ်းပိုး'နှင့် တွဲစပ်လျက် 'ထမ်းပိုးလှင်ကန်'ဟု အသုံးတွင်ကျယ်သည်။ 'ရေတောင်မောက်ဖြိုး၊ ရွာသည့်မိုးထက်၊ ထမ်းပိုးလှင်ကန်၊ အပြန်ပြန်တည့်၊ သည်းထန်လှစွာ' (ကိုးခန်းပျို့* ၄) ဟူ၍ လည်းကောင်း၊ 'ကြွယ်မျိုးတိုး၍၊ ထမ်းပိုးလှင်ကန်၊ မြတ်သတ်ကျန်ဖြင့်' (ဆုတောင်း* ၂၄)ဟူ၍ လည်းကောင်း၊ 'ထမ်းပိုးလှင်ကန်၊ သဒ္ဓါလွန်သည်၊' (သံဝရ* ၁၅၂) ဟူ၍ လည်းကောင်း အစပ်အဖွဲ့များကို တွေ့ရသည်။

ဤတွင် 'ထမ်းပိုး'ရော 'လှင်ကန်'ပါ 'အဆတိုး' သော အနက်ဖြစ်လာရပုံမှာ မှတ်သားဖွယ်ဖြစ်သည်။ 'ထမ်းပိုး'ဟူသည် ဝန်ကို ပခုံးဖြင့်သယ်ရာတွင် အသုံးပြုသောသစ်သား သို့မဟုတ် ဝါးအချောင်းအတံဖြစ်သည်။ ခရီးဆောင်မြန်မာအဘိဓာန်တွင် 'ထမ်းပိုး' ၏ အဓိပ္ပာယ်ကို ၁။ ဝန်ကိုထမ်းရာ၌သုံးသော အချောင်းအတံ။ ၂။ ထယ်၊ ထွန်၊ လှည်း စသည်ကို ဆွဲသော ကျွဲ၊ နွားတို့၏ ပခုံးပေါ်တွင် တပ်ဆင်ရသည့် သစ်သားတုံး၊ ထမ်းပိုးတုံး။ ၃။ ရှိရင်း၏ တစ်ဆပမာဏ။ ၄။ တစ်ပြူး၊ တစ်လံ၊ ညောင်ကန်၊ ထမ်းပိုး၊ အကျိုးဟူ၍ သူငယ်တို့နှစ်ခုတွဲ ရေတွက်ရာတွင် ၈ သချ်ာကို ရည်ညွှန်းသော စကားဟူ၍ ဖွင့်ပြထားပါသည်။ ဤတွင် အဆတိုးသချ်ာအရေအတွက်ကို ဆိုရိုးပြုထားသည်ကို သတိပြုဖွယ်ဖြစ်ပါသည်။ တောသူတောင်သားများသည် ကိုယ့်အားကိုယ်ကိုး ပစ္စည်းသယ်ရာတွင် ထမ်းပိုးသုံးကြသည်။ ထမ်းပိုးသည် တောသူတောင်သားများနှင့် မကင်းမကွာသော အသုံးအဆောင်ဖြစ်ပေသည်။ ထို့ကြောင့် တောသူတောင်သားများသည် ပစ္စည်းတစ်ခုခု၏ အရှည်အတိုပမာဏကို တိုင်းတာရာ၌ ယင်းတို့အသုံးပြုလျက်ရှိသော ထမ်းပိုးနှင့်ပင် တိုင်းကြတွက်ကြသည်။ ထမ်းပိုးတစ်ပြန် နှစ်ပြန်စသည်ပွား၍ ရေတွက်မှတ်သားကြသည်။ ဤသို့ဖြင့် ထမ်းပိုးသည် အဆပွား အဓိပ္ပာယ်ကို ဆောင်လာရသည်။

'လှင်ကန်' သည်လည်း အလားတူပင်ဖြစ်သည်။ တောသူတောင်သား လယ်သမားကြီးများသည် ကျွဲ၊ နွားများနှင့် မကင်းသလို လှင်ကန်နှင့်လည်း မကင်းကြပါ။ သူတို့သည် ပစ္စည်းတစ်ခုခု၏ အရှည်အတိုပမာဏကို တိုင်းတာလိုကြသောအခါ သူတို့တွင်ရှိသော လှင်ကန်နှင့်ပင် တိုင်းတာလေ့ရှိကြသည်။ ထိုအခါ လှင်ကန်သည်လည်း လှင်ကန်တစ်ဆ၊ လှင်ကန်နှစ်ဆ စသည်ဖြင့် အဆပွား အဓိပ္ပာယ်ကို ဆောင်လာရသည်။ ဤသို့ဖြင့် ထမ်းပိုးနှင့် လှင်ကန်ကို ပေါင်းစည်းတွဲစပ်လိုက်သောအခါ ထမ်းပိုးလှင်ကန်၏ အဓိပ္ပာယ်သည် အဆများစွာ ပွားတိုးလျက်ဟူသော အဓိပ္ပာယ်ကို ဆောင်လာရပါသည်။

ဤတွင် 'လှင်ကန်' သည် ရိုးရိုးသာမန်တုတ်တို့၊ ရန်သူကို တိုက်ခိုက်ရန်တုတ်လက်နက်၊ အဆပွားလျက်ဟူသော အနက်အဓိပ္ပာယ်ရှိသည့် ဝေါဟာရကို မူလစာလုံးပေါင်း၊ မူလရေးထုံးအတိုင်းရေး၍ နွားမောင်းသောတုတ်ဟု အဓိပ္ပာယ်ရှိသည့် 'လှင်ကန်' ကိုမူ 'နကန်'ဟု ပြောင်းလဲခေါ်တွင် ရေးကြခြင်းပင် ဖြစ်သည်။ လှင်ကန်မှ နှင်ကန်သို့၊ နှင်ကန်မှ နကန်သို့ အသံပြောင်း၊ အရေးပြောင်းခြင်းဖြစ်သည်။ 'လ' သည် 'န'သို့ ပြောင်းသည်မှာ 'လ'သည် သွားရင်း လျှာဘေးပွင့်သံ၊ 'န'သည် သွားရင်းနှာသံဖြစ်သည်။ အသံဖြစ်ရာဌာန်တူသော်လည်း အသံဖြစ်ဟန်မတူပါ။ အသံဖြစ်ဟန်မတူသဖြင့် အသံဖြစ်ဟန် အခက်ဗျည်းမှ အသံဖြစ်ဟန် အလွယ်ဗျည်းသို့ ပြောင်းလဲရွတ်ဆို ရေးသားခြင်း ဖြစ်ပါသတည်း။

နိဂုံးချုပ်အားဖြင့် အထူးတင်ပြလိုသည်မှာ ယခင်ပုံနှိပ်စာအုပ်များတွင် လှင်ကန်ဟူ၍ လည်းကောင်း၊ လှန်ကန်ဟူ၍လည်းကောင်း အရေးနှစ်မျိုး တွေ့နေရပါသည်။ လှင်ကန်နှင့် လှန်ကန် အလှယ်လှယ်သုံးကြောင်း၊ အရေးကွဲသော်လည်း အနက်တူကြောင်း၊ ကြောင်းတူသံကွဲဖြစ်သော နှစ်ချက်သင့် အရေးဖြစ်ကြောင်း ညွှန်းဆိုကြပါသည်။ ဤစာရေးသားသူက မြန်မာစာအဖွဲ့က သတ်မှတ်ပြဋ္ဌာန်းထားသည့် 'လှင်ကန်' ဟူသောအရေးကို လက်ခံပြီး 'လှန်ကန်' အရေးမှားသည်ဟု မဆိုလိုပါ။ 'လှင်ကန်' သည် ပြဋ္ဌာန်းစာလုံးလည်းဖြစ် အနက်အားဖြင့် ပို၍သင့်သည်ဟုသာ တင်ပြခဲ့ပါသည်။ မြန်မာဝေါဟာရ အနက်ဖွင့်ရာတွင် ပါရဂူတစ်ဆူဖြစ်သော ဒုတိယကျော်အောင်စံထား ဆရာတော်ဘုရားကြီးက လွန်ခဲ့သော အနှစ် ၂၅၀ ခန့်က ဝေါဟာရတ္ထပကာသနီကျမ်း(၁၁၃၁ ခုနှစ်) တွင် 'လုံကန်' ဟူသောအရေးကို ပြထားသော်လည်း 'လှင်ကန်' ၏ ရင်းမြစ်သည် 'လှန်ကန်' ဖြစ်ကြောင်း ဖော်ပြထားသဖြင့် ဆရာတော်၏ အဆိုအမိန့်ဖြင့် နိဂုံးချုပ်လိုပါသည်။ ဆရာတော်ကမူကား –

'ဤ၌ရေကန်၊ လှန်ကန် စသောဝေါဟာရတို့သည် ကျောက်ကန်ဟူသော အနက်ချည်း ရသင့်သကဲ့သို့ရှိ၏။ ရှိဟန်ကား လှန်ကန်ဟူသည်၌ ဆိုအပ်ပြီးသည်နှင့်အညီ ကျွဲ၊ နွားဖြင့် စသည်တို့ကိုလည်းကောင်း၊ ရန်သူရန်ဘက်တို့ကို လည်းကောင်း ကျောက်ကန် တွန်းလှန်သော အဆောက်အဦဖြစ်၍ လှန်ကန်ဆိုသည်ယူမှု(အနက်) သဘောတူသည်ဖြစ်၏" ဟုဆိုခဲ့ပါသည်။ နှိုင်းချင့်ဆင်ခြင်တော်မူကြပါကုန်။

**မြန်မာစာကို ချစ်မြတ်နိုးတတ်ပါစေ**

**❂ ကျောဖုံးမှ**

ယနေ့မွန်းတည့် ၁၂ နာရီတွင် စိုးရိမ်ရေအမှတ် ၁၃၆၈ စင်တီမီတာမှ ၉၈၂ စင်တီမီတာသို့ မြစ်ရေပြန်လည်ကျဆင်းခဲ့သဖြင့် မြို့တွင်းလမ်းများပေါ်၌ အမှိုက်များ၊ ဒိုက်များ၊ နုန်းများ တင်ကျန်လျက်ရှိရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများက ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသည့် ရပ်ကွက်၊ ကျေးရွာများအတွင်း စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တိုင်းမှူးဗိုလ်မှူးချုပ် အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များက ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ကချင်ပြည်နယ် ဗန်းမော်မြို့၌ ဇူလိုင် ၂ ရက်မှစ၍ မြစ်ရေဝင်ရောက်ခဲ့ရာ ဗန်းမော်မြို့၏ စိုးရိမ်ရေအမှတ်သည် ၁၁၅၀ စင်တီမီတာဖြစ်ပြီး ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်အရ ၁၂၃၇ စင်တီမီတာအထိ မြင့်တက်လာပြီး စိုးရိမ်ရေအမှတ်ထက် ၈၇ စင်တီမီတာကို ကျော်လွန်ခဲ့ကာ မြစ်ရေ ဝင်ရောက်လျက်ရှိသော အိမ်ထောင်စုဝင် ၄၃၉၉ စုခန့်၊ လူဦးရေ၂၂၃၆၀ ဦးခန့်တို့ကိုလည်းကောင်း၊ ရွှေကူမြို့နယ်၌ ဇူလိုင် ၂ ရက်မှစ၍ မြစ်ရေများဝင်ရောက်ခဲ့ကာ ရွှေကူမြို့၏ စိုးရိမ်ရေအမှတ်သည် ၉၃၀ စင်တီမီတာဖြစ်ပြီး ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်အရ ၁၀၀၂ စင်တီ မီတာအထိ မြင့်တက်လာပြီး စိုးရိမ်ရေအမှတ်ထက် ၇၂ စင်တီမီတာကို ကျော်လွန်ခဲ့ကာ မြစ်ရေဝင်ရောက်လျက်ရှိသော အိမ်ထောင်စုဝင် ၁၁၀ ခန့်၊ လူဦးရေ ၄၉၂ ဦးခန့်တို့ကိုလည်းကောင်း နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေး အသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများကရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေ မြင့်တက်လျက်ရှိရာ ခန္တီးမြို့၏ စိုးရိမ်ရေအမှတ်သည် ၁၃၆၀ စင်တီမီတာဖြစ်ပြီး ယနေ့တွင် ၁၅၃၅ စင်တီမီတာအထိ မြင့်တက်လာသဖြင့် စိုးရိမ်ရေအမှတ်ထက် ၁၇၅ စင်တီမီတာကို ကျော်လွန်ခဲ့ကာ ခန္တီးမြို့နယ်အတွင်းရှိ မြို့မရပ်ကွက်၊ ပေါမိုင်းရပ်ကွက်၊ ဇီးဖြူကုန်းရပ်ကွက်၊အောင်သာယာကျေးရွာနှင့် ဆင်သေကျေးရွာများ အတွင်းသို့ မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါ မြစ်ရေဝင်ရောက်မှု ဖြစ်ပေါ်လျက်ရှိသည့် ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၈၈ စု၊ လူဦးရေ ၆၅၈ ဦးတို့ကို မြသိန်းတန်ဘုရားကုန်း၊ တပ်ဦးနန္ဒဝန်ဘုန်းတော်ကြီးကျောင်း၊ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း(ဇီးဖြူကုန်း)တို့၌ ရေဘေးကယ်ဆယ်ရေး စခန်းများ ဖွင့်လှစ်၍ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်ရာ နေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ သောက်ရေသန့်၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

**○ မြစ်ရေကြီးမှ**

**ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခြောက်ပေခန့်(၁၇၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခန့်(၉၀ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်စင်တီမီတာ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ကသာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့် (၃၁ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ငါးပေခွဲခန့် (၁၆၅ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဗန်းမော်မြို့နယ်၊ ရွှေကူမြို့နယ်၊ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ ကသာမြို့နယ်နှင့် မော်လိုက်မြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

**❂ မြန်မာယူ–၁၉ မှ**

ကလပ်အသင်းများနှင့် ခြေစမ်းပွဲများကစားလျက်ရှိပြီး ဒဂုံစတားယူနိုက်တက်အသင်းကို လေးဂိုး–နှစ်ဂိုး၊ ရတနာပုံအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဧရာဝတီယူနိုက်တက်အသင်းနှင့် တစ်ဂိုးစီသရေ၊ Dagon Port အသင်းနှင့် နှစ်ဂိုးစီသရေကျခဲ့သည်။ Dagon Port အသင်းမှာမူ ဇူလိုင် ၆ ရက်တွင်စတင်မည့် MNL အမှတ်ပေးပြိုင်ပွဲအတွက် ပြင်ဆင်နေခြင်းဖြစ်သည်။ **သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MFF**

# အင်ဒိုနီးရှားနိုင်ငံ၌ အရှေ့တောင်အာရှဒေသ၏ ပထမဆုံးလျှပ်စစ်ကားဘက်ထရီစက်ရုံ ဖွင့်လှစ်

ဂျကာတာ ဇူလိုင် ၃

အင်ဒိုနီးရှားနိုင်ငံတွင် အရှေ့တောင်အာရှဒေသ၏ ပထမဆုံးလျှပ်စစ်ကားဘက်ထရီစက်ရုံကို အနောက်ဂျာဗားပြည်နယ် ကာယာဝမ်မြို့တွင် ယနေ့စတင်ဖွင့်လှစ်ခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

**အကျိုးတူပူးပေါင်း**


ယင်းစက်ရုံသည် အင်ဒိုနီးရှားဘက်ထရီကော်ပိုရေးရှင်း၊ တောင်ကိုရီးယားနိုင်ငံမှ ဟွန်ဒိုင်းကားကုမ္ပဏီနှင့် အယ်လ်ဂျီ ဘက်ထရီထုတ်လုပ်ရေးလုပ်ငန်းတို့အကြား အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

ယခုဖွင့်လှစ်သည့် လျှပ်စစ်ကားဘက်ထရီစက်ရုံသည် အရှေ့တောင်အာရှဒေသ၏ ပထမဆုံးနှင့် အကြီးဆုံး လျှပ်စစ်ကားဘက်ထရီစက်ရုံ ဖြစ်သောကြောင့် အခြားနိုင်ငံများနှင့် ယင်းလုပ်ငန်းတွင် ယှဉ်ပြိုင်ပါက အနိုင်ရရှိမည်ဟု မိမိယုံကြည်ကြောင်း အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက စက်ရုံဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ လျှပ်စစ်ကားထောက်ပံ့ရေးလမ်းကြောင်းတွင် အပြည့်ပြည့်ဆိုင်ရာမှ ပူးပေါင်းပါဝင်မှုဖြင့် အရေးပါသည့်နေရာမှ ရပ်တည်ရေးအတွက် အသင့်ရှိကြောင်း ပင်လယ်ရေကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီး Luhut Binsar Pandjaitan က ပြောကြားသည်။

ယခုဆောင်ရွက်ချက်သည် နိုင်ငံအတွင်း ကာဗွန်ထုတ်လွှတ်မှုလျှော့ချရန်၊ လေထုအရည်အသွေး မြှင့်တင်ရန်နှင့် နိုင်ငံသားများ၏ လူနေမှုဘဝမြှင့်တင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ




# ထိုင်းနိုင်ငံသို့ ယခုနှစ် ပထမနှစ်ဝက်အတွင်း ပြည်ပခရီးသွား ၁၇ ဒသမ ၅ သန်းကျော်လာရောက်

ဗန်ကောက် ဇူလိုင် ၃

ထိုင်းနိုင်ငံသို့ ယခုနှစ် ပထမနှစ်ဝက်အတွင်း ပြည်ပခရီးသွား ၁၇ ဒသမ ၅ သန်းကျော်လာရောက်ခဲ့ပြီး ယင်းပမာဏသည် ယမန်နှစ်ကထက် ၃၅ ရာခိုင်နှုန်း တိုးတက်လာကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

**ပြည်ပခရီးသွား ၃၆ ဒသမ ၇ သန်း လာရောက်ရန် ရည်မှန်းထား**

နိုင်ငံအတွင်းသို့ ယခုနှစ် ပထမခြောက်လအတွင်း တရုတ်ခရီးသွား ၃ ဒသမ ၄၃ သန်းလာရောက်ခဲ့ပြီး မလေးရှားခရီးသွား ၂ ဒသမ ၄၃ သန်းနှင့် အိန္ဒိယခရီးသွား ၁ ဒသမ ၀၄ သန်းတို့ လာရောက်ခဲ့ကြောင်း ခရီးသွားလုပ်ငန်းနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ယခုနှစ်အတွက် ပြည်ပခရီးသွား ၃၆ ဒသမ ၇ သန်းလာရောက်ရန် အစိုးရက ရည်မှန်းထားသည်။

ထိုင်းနိုင်ငံသို့ လာမည့်သီတင်းပတ်များအတွင်း ခရီးသွားအများအပြား ထပ်မံလာရောက်နိုင်ပြီး ယင်းကဲ့သို့ လာရောက်ရခြင်းမှာလည်း ခရီးသွားလုပ်ငန်းအား အစိုးရက စနစ်တကျ စီမံခန့်ခွဲခဲ့သောကြောင့် ဖြစ်ကြောင်း ခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာနက ပြောကြားသည်။ ထိုင်းအစိုးရသည် နိုင်ငံအတွင်းပြေးဆွဲမည့်လေကြောင်းလိုင်းများကို ညှိနှိုင်းချိတ်ဆက်ခြင်းနှင့် ပြည်ဝင်ခွင့်ဗီဇာ ကင်းလွတ်ခွင့်ပြုသည့် နိုင်ငံအရေအတွက် တိုးချဲ့ခြင်းတို့ကို ဆောင်ရွက်နေသည့်အပြင် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ပြည်ဝင်ခွင့်ဗီဇာ ကင်းလွတ်ခွင့်ပေးခြင်းကို မတ် ၁ ရက်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းကို တိုးချဲ့ခဲ့ကြောင်း ယင်းဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိအချိန်အထိ နိုင်ငံတကာခရီးသွားများဝင်ရောက်ခြင်းမှ ဝင်ငွေဘတ် ၈၂၅ သန်းရရှိနေပြီး ယခုနှစ်တစ်နှစ်လုံးအတွက် ခရီးသွားလုပ်ငန်းမှ ဝင်ငွေ ဘတ် ၃ ဒသမ ၅ ထရီလီယံ ရရှိရန် ရည်မှန်းထားကြောင်း ယင်းဝန်ကြီးဌာနက မှတ်ချက်ပြုပြောကြားသည်။ ၂၀၁၉ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ ပြည်ပခရီးသည် ၃၉ ဒသမ ၉ သန်း လာရောက်ခဲ့ပြီး ဝင်ငွေဘတ် ၁ ဒသမ ၉၁ ထရီလီယံ ရရှိခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ






# အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ ဘာသာရေးပွဲတော်တစ်ခုတွင် လူအုပ်ပြိုကျမှုဖြစ်ပွား

နယူးဒေလီ ဇူလိုင် ၃

အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ ဟိန္ဒူဘာသာရေးပွဲတော်တစ်ခုတွင် လူအုပ်ပြိုကျမှုကြောင့် သေဆုံးသူဦးရေ ၁၁၆ ဦး ရှိလာခဲ့ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က ယနေ့ပြောကြားသည်။

အဆိုပါ လူအုပ်ပြိုကျမှုသည် ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၌ ဇူလိုင် ၂ ရက်တွင် ဖြစ်ပွားခဲ့သည်။ လူအုပ်ပြိုကျမှုကြောင့် ၁၁၆ ဦးသေဆုံးပြီး ၁၈ ဦးသည် ဆေးရုံများတွင် ဆေးကုသမှုခံယူနေကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောသည်။ ဘာသာရေးခေါင်းဆောင်တစ်ဦး၏ ဘာသာရေးဆိုင်ရာဟောပြောမှုကို ကြားနာရန် ပြည်သူ ၁၀၀၀၀ ခန့်က နေရာတစ်ခုတွင် စုဝေးခဲ့ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြခဲ့သည်။

ဟောပြောမှုပြီးနောက် လူအုပ်ကြီးသည် ပြန်လည်ထွက်ခွာရာတွင် ထွက်ပေါက်နေရာ၌ လူအုပ်ပြိုကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ ဘာသာရေးပွဲများတွင် လူစုလူဝေးများနှင့် အလားတူ မတော်တဆမှုများ မကြာခဏဖြစ်ပွားလေ့ရှိသည်။ ၂၀၁၃ ခုနှစ်တွင် မတ်ဒရာပရာဒေ့ရှ်ပြည်နယ်ရှိ ဘုရားကျောင်းတစ်ခုသို့သွားစဉ် တံတားပေါ်တွင် လူအုပ်ပြိုကျမှုကြောင့် ဘုရားဖူး ၁၀၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်

# ဂါဇာကမ်းမြောင်တောင်ဘက်ပိုင်းရှိ ပြည်သူများကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းရန် အစ္စရေးတပ်မတော်၏ အမိန့်ပေးမှုအပေါ် ကုလသမဂ္ဂက စိုးရိမ်

ဂျေရုဆလင် ဇူလိုင် ၃

ဂါဇာကမ်းမြောင်တောင်ဘက်ပိုင်းရှိ ပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အစ္စရေးတပ်မတော်၏ အမိန့်ပေးမှုအပေါ် ကုလသမဂ္ဂက စိုးရိမ်ကြောင်း ယနေ့ပြောကြားသည်။



အစ္စရေးတပ်မတော်သည် ဇူလိုင် ၁ ရက်က ခန်ယူနစ်နှင့် ရာဖာမြို့တို့အပါအဝင် တောင်ဘက်ပိုင်းဒေသများရှိ ပြည်သူများကို ချက်ချင်းထွက်ခွာရန် အမိန့်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါအမိန့်သည် ဂါဇာကမ်းမြောင်၏ ၁၁၇ စတုရန်းကီလိုမီတာ သို့မဟုတ် သုံးပုံတစ်ပုံခန့်အထိ သက်ရောက်ကြောင်း ဇူလိုင် ၂ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ စတီဖင် ဒူဂျာရစ်က ပြောကြားသည်။

ပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခိုင်းခြင်းသည် အရပ်သားများ၏ဒုက္ခကို တိုးမြင့်လာစေပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များကို ပိုမိုမြင့်မားလာစေမည်ဖြစ်ကြောင်း စတီဖင် ဒူဂျာရစ်က ပြောသည်။

ဂါဇာကမ်းမြောင်ဒေသ ဆိုင်ရာ ကုလသမဂ္ဂအကြီးတန်း လူသားချင်းစာနာထောက်ထားမှုနှင့်ပြန်လည်တည်ဆောက်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး ဆီဂရစ်ကာဂျ်က ဇူလိုင် ၂ ရက်တွင် ပြုလုပ်သည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအစည်းအဝေးတွင် ဂါဇာကမ်းမြောင်ဒေသတွင် လူပေါင်း ၁ ဒသမ ၉ သန်း အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း ပြောကြားသည်။

အရပ်သားလူထုအပေါ် ဘေးလွတ်ရာရွှေ့ပြောင်းရေးအမိန့်အသစ်၏ သက်ရောက်မှုသည် ဆိုးရွားပြီး ဂါဇာတွင် မည်သည့်နေရာမှ မလုံခြုံကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ဂါဇာကမ်းမြောင်တွင် ပြင်းထန်သော တိုက်ပွဲများကို အဆုံးသတ်တော့မည် ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ပြီးခဲ့သည့်လက ပြောကြားခဲ့သော်လည်း ဟားမတ်စ်အဖွဲ့ ပြန်လည်ဖွဲ့စည်းရန် ကြိုးပမ်းနေချိန်တွင် အစ္စရေးတပ်မတော်က နယ်မြေများအပြားတွင် တိုက်ခိုက်မှုများ ဆက်လက် လုပ်ဆောင်နေသည်ဟု မီဒီယာအချို့က ဆိုသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်၌ ငွေကျပ် ၂၀ ဒသမ ၁၆ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ဒသမ ၄၄ သန်း သယ်ဆောင်သည့် ဂိုဏ်းအဖွဲ့အား ဖော်ထုတ်ဖမ်းဆီးရမိ



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၃**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်၌ ငွေကျပ် ၂၀ ဒသမ ၁၆ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ဒသမ ၄၄ သန်း သယ်ဆောင်သည့် ဂိုဏ်းအဖွဲ့ကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သိမ်းဆည်းရမိ**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၅ ရက် နံနက် ၇ နာရီတွင် နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း တောင်စဥ်အေး စစ်ဆေးရေးစခန်းတွင် ပျဉ်းမနားဘက်မှ ရေနီဘက်သို့ ဇေယျာကျော် မောင်းနှင်ပြီး ဟိန်းကျော်မင်း လိုက်ပါလာသည့် LIGHT TRUCK ယာဉ်ကို သတင်းအရရှာဖွေရာ ငွေကျပ် ၂၀ ဒသမ ၁၆ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ဒသမ ၄၄ သန်း သိမ်းဆည်းရမိခဲ့သည်။ စစ်ဆေးဖော်ထုတ်ချက်များအရ စိတ်ကြွရူးသွပ် ဆေးပြားများ ကလောမှ ပျော်ဘွယ်သို့ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများ ဖြစ်ကြသည့် မြတ်ပိုင်သူ၊ ဖြိုးစည်သူဟိန်းနှင့် အောင်အောင်(ခ) အောင်ကြီးတို့ သုံးဦးကို ရမည်းသင်းမြို့နယ် တွင်းကျေးရွာအနီး၌ သယ်ဆောင်ခဲ့သည့် NISSAN BOX ယာဉ်တစ်စီးနှင့် လည်းကောင်း၊ စိတ်ကြွရူးသွပ် ဆေးပြားများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သည့် နွယ်နီသင်း၊ ရဲဒွေးလှိုင်(ခ) ဗလနှင့် မြင့်အောင်တို့ သုံးဦးအား ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်ရှိ မိုတယ်တွင် TOYOTA WILL ယာဉ်တစ်စီး၊ TOYOTA ESTIMA ယာဉ်တစ်စီးနှင့် လည်းကောင်း၊ မူးယစ်ဆေးဝါးများ သယ်ဆောင်ရာတွင် စီမံဆောင်ရွက်သူ ဝေမင်းဖြိုး(ခ) အုန်းအုန်းနိုင်အား ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် (၁)ရပ်ကွက်တွင်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်စစ်ဆေး ဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ် ဆေးပြားများကို ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ ဂိုဏ်းဖွဲ့သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက် ရှိကြောင်းနှင့် အမှုတွင်ဆက်စပ်ပါဝင်သူများ၏ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ သိမ်းဆည်းရမိ



မြန်မာ့စက်မှုဆိပ်ကမ်း၌ သိမ်းဆည်းရမိမှု။

**နေပြည်တော် ဇူလိုင် ၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် Aluminium Profile CNC Rolling Bending Machine တစ်လုံးအပါအဝင် ကုန်ပစ္စည်း ၂၈ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၆၇၂၉၆၇ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်သယ်ဆောင်ခွင့်အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Tiger Beer သံဘူးအတို ၂၀၆၄ ဘူး၊ ABC Beer သံဘူးအတို ၁၂၇၂ ဘူး အပါအဝင် ကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၇၁၂၀၀)နှင့် စစ်ကိုင်းမြို့ ကောင်းမှုတော်လမ်းဆုံ၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် သံပိုက်ချောင်း ၁၉၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၃၇၅၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၈၀၈၇၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင်သစ်မာ ၂ ဒသမ ၁၁၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၃၅၇၅၂)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၂ ရက်နှင့် ၃ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၉၁၇၄၁၉)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၄ ရက်မှ ၃၀ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင်ကျွန်း ၂၀ ဒသမ ၇၃၈၄ တန်၊ သစ်မာ ၂ ဒသမ ၀၉၅၀ တန်၊ အခြား ၃၅ ဒသမ ၃၂၈၅ တန် စုစုပေါင်း ၅၈ ဒသမ ၁၆၁၉ တန်၊ ယာဉ်/ ယန္တရားလေးစီး၊ တရားခံ ၁၅ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၄-၇-၂၀၂၄ ကြာသပတေးနေ့

**MRTV HD**

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ဓဇဂ္ဂသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၅ သာယာလှပမင်းကျိုက်ရေတံခွန်အလှ
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ အိပ်မက်လမ်းကိုဖြတ်သန်း...ရဝေးအဒမ်း
- ၁၁:၄၀ Next Level
- ၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ငှက်လင်းခြင်းအိပ်မက်' (အပိုင်း-၃၄)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တောက်ပသောနေ့ရက်များဆီသို့' (အပိုင်း-၁၉)
- ၁၇:၀၅ Soccer View
- ၁၇:၂၅ လူမှုစီးပွားသတင်းများ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'အမုန်း၏အလွန်' (အပိုင်း-၈)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တောက်ပသောနေ့ရက်များဆီသို့' (အပိုင်း-၂၄)
- ၂၂:၁၅ မြန်မာဇာတ်လမ်းတွဲ 'အတိုးမပေးတဲ့နှီးလေး' (အပိုင်း-၂၃)

**mitv**

- 07:01 Evergreen Classic: Aseinnaya (Takkatho Lae Lae)
- 07:11 Ancient Historical Kakku Pagoda
- 07:20 Let's Taste Delicious Insects: Silkworm Croquettes, Sago Worm Omelet with Duck Egg
- 07:45 Tour Around in Myeik Archipelago (Epi-1) Baliey and Smart Islands
- 08:01 News
- 08:26 Topics Potpourri; The Ostrich Industry in Oudtshoorn
- 08:33 Ramayana Classic Talk & Discussion (Episode-1)
- 09:01 Myanmar Avocado In The Global Market
- 09:27 Myanmar Traditional Snacks: Popped Rice Ball
- 09:33 Kay Tu Mar Lar "The Decision"
- 09:44 The Recycle Art: Tyre
- 10:01 News

**MRTV NRC**

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
ခေတ်သစ်ရှမ်း၊ တိုင်းလုံ၊ ဓနု၊ ပအိုဝ်း၊ တိုင်းနေတို့၏ ဝတ်စားဆင်ယင်မှုများ

**ဝ (၀၈:၀၀ မှ ၁၀:၀၀)**
မြေဩဇာ ပြုလုပ်နည်း

**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
ကျန်းမာပျော်ရွှင်ဖွယ် ရေပေါ်စက်ဘီးစီးရင်းအပန်းဖြေမယ်

**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
ကယားဒေသမှာ အင်ဥရှာထွက်မယ်

**ဝကေကရင် (၁၄:၀၀ မှ ၁၅:၀၀)**
တုပ်ကွေးရောဂါအကြောင်းသိကောင်းစရာ

**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
'ဝ'ရိုးရာဆန်ပြုတ်လေးလုပ်စားကြရအောင်

**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည့် အမိမြန်မာပြည် (အပိုင်း-၃)

**ချင်း (လိုင်ဇို) (၁၇:၀၀ မှ ၁၈:၀၀)**
ကျဲရှိမ့်ရွာသို့အလည်တစ်ခေါက်

**ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည့် (အပိုင်း-၇)

**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
တောင်သူတို့အတွက်အရိပ်ပေးနိုင်လှုံ့လက်ရာ ခမောက်လေး

**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
ထိန်းသိမ်းစိုလေရိုးရာအမွေ (တက်ညီလက်ညီ အပြိုင်လှော်ရခိုင်ရိုးရာပြိုင်လှေပွဲတော်)

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၈:၄၅ ကမ္ဘာဝန်းကျင်ဇီဝမျိုးကွဲစုံလင်
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၁၅ မြစ်ဝါမြစ်စီးကြီး (အပိုင်း-၁၀)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (အစ္စရေးနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လင်နဲ့မယားလျှာနဲ့သွားဆိုပေမယ့်'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဆွစ်ဇာလန်နိုင်ငံ)
- ၁၁:၀၀ ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၃)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၆)

**MRTV FARMERS**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ 'သုတပဒေသာစိုက်ပျိုးနည်းပညာ' စီးပွားဖြစ်ကာစိတ်ချမ်းသာ ကော်ဖီစိုက်ပျိုးပါ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၇:၁၅ 'စိုက်ပျိုးမွေးမြူသုတဘဏ်' မြန်မာ့ပဲမျိုးစုံစိုက်ပျိုးရေး
- ၁၈:၀၀ Thirteen_Lives_2022 (နိုင်ငံခြားဇာတ်လမ်း)
- ၂၂:၀၀ Kijukiro (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Weekly Soccer Preview
- ၁၆:၁၀ Euro 2024 Part (17)
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ E Sports

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# အကြမ်းဖက်သောင်းကျန်းသူများက လားရှိုးမြို့အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိ




အကြမ်းဖက်သောင်းကျန်းသူများက လားရှိုးမြို့အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်ပြမြေပုံ။

**နေပြည်တော် ဇူလိုင် ၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့အတွင်းသို့ အကြမ်းဖက်သောင်းကျန်းသူများက ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် လားရှိုးမြို့ ရပ်ကွက်(၁) နယ်မြေ(၃)အတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး အသက် ၁၂ နှစ်နှင့် ၁၄ နှစ်အရွယ် ကလေးသုံးဦး အပါအဝင်ဒေသခံပြည်သူခြောက်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

**ပစ်ခတ်တိုက်ခိုက်**

ဖြစ်စဉ်မှာ အကြမ်းဖက်သောင်းကျန်းသူများသည် ယနေ့ နံနက် ၆ နာရီ ၄၅ မိနစ်ခန့်တွင် လားရှိုးမြို့အတွင်းသို့ မြို့၏ အရှေ့မြောက်ဘက် မီတာ ၄၀၀၀ ခန့်အကွာမှ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အဆိုပါ အကြမ်းဖက် သောင်းကျန်းသူများ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဒုံးသီးများသည် လားရှိုးမြို့ ရပ်ကွက်(၁) နယ်မြေ(၃) သာယာလမ်းပေါ်ရှိ လူနေအိမ်ပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် အသက် ၁၂ နှစ်နှင့် ၁၄ နှစ် အရွယ် ကလေးသုံးဦးနှင့် ဒေသခံပြည်သူ အမျိုးသား တစ်ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ခြောက်ဦး သေဆုံးခဲ့သည်။ အဆိုပါ သေဆုံးသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့များက လားရှိုးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မွန်းလွဲ ၃ နာရီခန့်တွင် အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်လိုက်သည့်ရှော့တိုက်ဒုံးသီး တစ်လုံးသည် လားရှိုးမြို့ ရပ်ကွက် ၁၀ နီလာလမ်းရှိ နေအိမ်တစ်လုံး ပေါ်သို့ ကျရောက်ခဲ့ပြီး ဒုံးသီးမှာ ပေါက်ကွဲမှုမရှိသဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက အများပြည်သူ အန္တရာယ် ကင်းရှင်းစေရေး သွားရောက်ရှင်းလင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယနေ့ညနေ ၄ နာရီခွဲခန့်တွင်လည်း အကြမ်းဖက်သောင်းကျန်းသူများက ရှော့တိုက်ဒုံးများဖြင့် ထပ်မံပစ်ခတ်ခဲ့မှုကြောင့် လားရှိုးမြို့ ရပ်ကွက်(၅) နယ်မြေ(၁)ရှိ ပန်အုပ်ဘုန်းကြီးကျောင်းဝင်း အတွင်း ရှော့တိုက်ဒုံးသီးတစ်လုံး ကျရောက်ပေါက်ကွဲခဲ့ရာ အမျိုးသား လေးဦး၊ အမျိုးသမီး သုံးဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီး ရှော့တိုက်ဒုံးသီး တစ်လုံးသည် ရပ်ကွက်(၄) နယ်မြေ(၃)ရှိ လူနေအိမ်သို့ ကျရောက်ပေါက်ကွဲခဲ့ရာ အမျိုးသား တစ်ဦး သေဆုံးကာ အမျိုးသမီး တစ်ဦး၊ ကလေး တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့များက ဆေးဝါးကုသမှုများခံယူရန်အတွက် လားရှိုးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အကြမ်းဖက် သောင်းကျန်းသူများ၏ ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်ဘဲ အေးချမ်းစွာ နေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများ၏ မြို့/ရွာများအတွင်းသို့ အသက်အန္တရာယ် ထိခိုက်သေကျေသည်အထိ စက်ဆုပ်ရွံရှာဖွယ် ပစ်ခတ်တိုက်ခိုက်ခဲ့မှုသည် စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါ အကြမ်းဖက် သောင်းကျန်းသူများအား ချေမှုန်းနိုင်ရေး လုံခြုံရေး တပ်ဖွဲ့ဝင်များက အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး(Counter – Terrorism Operation)ကို ပြည်သူများနှင့် ပူးပေါင်း၍ တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# PDF အမည်ခံအကြမ်းဖက်သမားများက တောင်သာ-နွားထိုးကြီးသွားကားလမ်းပေါ်၌ သွားလာလျက်ရှိသည့် “ပိုင် TTA” ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး ယာဉ်များကို လုယက်ယူဆောင်

**နေပြည်တော် ဇူလိုင် ၃**

မန္တလေး တိုင်းဒေသကြီး တောင်သာမြို့နယ် ရန်ကင်းသာစည်ကျေးရွာနှင့် နွားထိုးကြီး မြို့နယ် ရွှေကြာအင်းကျေးရွာ အကြား၌ ဇူလိုင် ၂ ရက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ယာဉ်သုံးစီးဖြင့် ရောက်ရှိလာပြီး တောင်သာ-နွားထိုးကြီးသွား ကားလမ်းအတိုင်း သွားလာနေသည့် ခရီးသွားယာဉ်များအား တားဆီးစစ်ဆေးပြီး ယာဉ် ၁၁ စီးအား လုယက်မောင်းနှင်သွားကြောင်း သိရသည်။

**လုယက်ယူဆောင်**

ဖြစ်စဉ်မှာ ဇူလိုင် ၂ ရက် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများသည် တောင်သာ-နွားထိုးကြီး မြို့နယ်ကားလမ်းအတိုင်း သွားလာနေသည့် ခရီးသွားယာဉ်များ အနက် “ပိုင် TTA” ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးယာဉ်များကို တားဆီးစစ်ဆေးခြင်းများ ပြုလုပ်၍ ယာဉ်မောင်းများနှင့် ခရီးသည်များအား ပြန်လွှတ်ပေးပြီး “ပိုင် TTA” ပိုင်ဆိုင်သည့် AD Van ယာဉ် လေးစီး၊ Succed ယာဉ် နှစ်စီး၊ Probox ယာဉ် သုံးစီးနှင့် ခြောက်ဘီး ကုန်တင်ယာဉ် နှစ်စီး စုစုပေါင်း မော်တော်ယာဉ် ၁၁ စီးတို့အား လုယက်ယူဆောင်၍ နွားထိုးကြီး မြို့နယ်ဘက်သို့ မောင်းနှင် ထွက်သွားခဲ့ကြောင်း သိရသည်။










တောင်သာ-နွားထိုးကြီး ကားလမ်းတွင် PDF အမည်ခံ အကြမ်းဖက်သမားများက လုယက်ယူဆောင်သွားသည့် ပိုင် TTA ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးယာဉ်လိုင်းမှ ယာဉ်များ မှတ်တမ်းဓာတ်ပုံ။






PDF အမည်ခံ အကြမ်းဖက်သမားများက တောင်သာ-နွားထိုးကြီး သွား ကားလမ်းပေါ်၌ ယာဉ်များအား လုယက်ယူဆောင်သွားသည့် ဖြစ်စဉ်ပြမြေပုံ။

ဖြစ်စဉ်ဖြစ်ပွားရာ နေရာသို့ နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ပြီး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၃ နာရီခန့်တွင် ရွှေကြာအင်းကျေးရွာအနီး၌ အကြမ်းဖက်သမားများ ယူဆောင်သွားသည့် မော်တော်ယာဉ် ၁၁ စီးအား ထိခိုက်ပျက်စီးမှုမရှိဘဲ ပြန်လည်ရရှိခဲ့သည်။

PDF အမည်ခံ အကြမ်းဖက်သမားများသည် အများပြည်သူ သွားလာလျက်ရှိသော လမ်းများပေါ်၌ ခရီးသွားပြည်သူများအား တားဆီးစစ်ဆေးခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ ပစ္စည်းများ လုယက်ယူဆောင်ခြင်းနှင့် ၎င်းတို့အား ထောက်ခံအားပေးမှုမရှိသည့် ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်းများကို ကျူးလွန်လျက်ရှိပြီး အဆိုပါ အကြမ်းဖက်သမားများအား ချေမှုန်းနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းနှင့် ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် လုံခြုံရေးလုပ်ငန်းများကို တာဝန်သိပြည်သူများနှင့်ပူးပေါင်း၍ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# ဆီဆိုင်မြို့နယ် ထီဗွာကျေးရွာနှင့် ကယန်းလေးကျေးရွာတို့ကို လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ




နေပြည်တော် ဇူလိုင် ၃

ရှမ်းပြည်နယ်တောင်ပိုင်း ဆီဆိုင်မြို့နယ်ရှိ ထီဗွာကျေးရွာနှင့် ကယန်းလေးကျေးရွာတို့ကို ဇွန် ၂၇ ရက်က လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သဖြင့် ဒေသခံနေအိမ် ၁၆ လုံးထက်မနည်း မီးလောင်ပျက်စီးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ထီဗွာကျေးရွာနှင့် ကယန်းလေးကျေးရွာတို့မှ ဒေသခံနေအိမ်များကို လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်မှာ မှန်ကန်မှုမရှိကြောင်းနှင့် ၎င်းကျေးရွာများတွင် မည်သည့်မီးလောင်ပျက်စီးမှုမှ ဖြစ်ပွားခဲ့ခြင်းမရှိကြောင်း သိရသည်။


ဆီဆိုင်မြို့နယ်အတွင်း PNLA အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ကျေးရွာများမီးလောင်ပျက်စီးခဲ့ရပြီး ဒေသခံပြည်သူများ ယာယီနေရပ်စွန့်ခွာ တိမ်းရှောင်လျက်ရှိသည့်အတွက် နယ်မြေခံတပ်မတော်သားများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုကြောင့် ဒေသခံတိုင်းရင်းသားများ ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိသည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက ဒေသတည်ငြိမ်အေးချမ်းမှုမရှိစေရန်နှင့် ပြည်သူများအထင်အမြင်လွဲမှားစေရန်အတွက် ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မလေးရှားနိုင်ငံတွင် ယာဉ်တိုက်မှုဖြင့်သေဆုံးသူ မြန်မာနိုင်ငံသားတစ်ဦးနှင့် ပတ်သက်၍ ၎င်း၏ မိသားစု၊ အသိမိတ်ဆွေများကို စုံစမ်းမရဖြစ်နေ

ရန်ကုန် ဇူလိုင် ၃

မလေးရှားနိုင်ငံတွင် ယာဉ်တိုက်မှုဖြင့် သေဆုံးသူ မြန်မာနိုင်ငံသားတစ်ဦးနှင့် ပတ်သက်၍ ၎င်း၏မိသားစု၊ အသိမိတ်ဆွေများကို စုံစမ်းမရ ဖြစ်နေကြောင်း မြန်မာ လူမှုကူညီရေးအသင်း (မလေးရှား)၏ ဥက္ကဋ္ဌ ဦးစန်းဝင်းက ပြောသည်။



သေဆုံးသူ၏ OWIC သက်သေခံကတ်

သေဆုံးသူမှာ အသက် ၃၅ နှစ်အရွယ် ဦးကြည်တိုးဖြစ်ပြီး မလေးရှားနိုင်ငံ Selangor ပြည်နယ် Shah Alam မြို့တွင် သေဆုံးခြင်းဖြစ်ကာ ၎င်းတွင် ပါရှိသည့် OWIC ကတ်အရ ၎င်း၏ အမည်၊ မွေးသက္ကရာဇ်နှင့် ဖခင်အမည်၊ အလုပ်ဌာနတို့ကို သိရသော်လည်း ဆက်သွယ်၍မရဖြစ်နေခြင်းဖြစ်ကြောင်း သိရသည်။

"ဆုံးတာကတော့ ယာဉ်တိုက်မှုဖြစ်ပြီး ချက်ချင်းဆုံးတာဖြစ်မယ်။ Shah Alam ဆေးရုံတော့တင်လိုက်တယ်။ ဆေးရုံမှတ်တမ်းမှာ ဦးခေါင်း ပြင်းထန်ဒဏ်ရာလို့ ဖော်ပြထားပါတယ်။ သေဆုံးကတည်းက အခုအချိန်အထိ မိသားစုကိုရော၊ မလေးရှားက သူ့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေကိုရော အဆက်အသွယ်မရလို့ ကျွန်တော်တို့ကို ရှာဖွေပေးဖို့အတွက် ဆက်သွယ်လာတာပါ"ဟု ဦးစန်းဝင်းက ပြောသည်။

သေဆုံးသူနှင့် ပတ်သက်၍ မလေးရှားနိုင်ငံ ရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများက ကနဦးရှာဖွေမှုများ ပြုလုပ်ခဲ့ကြသော်လည်း လက်ရှိအချိန်အထိ အဆက်အသွယ်မရဘဲ ဖြစ်နေခြင်းဖြစ်ကြောင်းလည်း ၎င်းက ပြောသည်။

"ဒါနဲ့ပတ်သက်လို့ ရှာဖွေမှုတွေကို ဆက်လုပ်ပေးသွားမှာပါ။ မလေးရှားက သူ့အသိတွေကို ရှာဖွေဖို့လည်း ကြိုးစားမှာပါ။ ဒီလိုရှာမရတဲ့အတွက် အလောင်းကတော့ ဆေးရုံမှာပဲရှိနေပါတယ်။ ကျွန်တော်တို့ ဆက်ပြီးရှာပေးမှာပါ"ဟု ၎င်းက ဆက်ပြောသည်။

Htet Oo Maung

# ကန်ကြီးထောင့်မြို့နယ်တွင် ရေပြင်အသက်ကယ် သရုပ်ပြလေ့ကျင့်

ကန်ကြီးထောင့် ဇူလိုင် ၃

ဧရာဝတီ တိုင်းဒေသကြီး ကန်ကြီးထောင့် မြို့နယ်တွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့တို့ ပူးပေါင်း၍ ရေပြင်အသက်ကယ် သရုပ်ပြလေ့ကျင့်မှုများကို ယနေ့ ညနေ ၃ နာရီက အမှတ်(၁) ရပ်ကွက်ရှိ ဆိပ်ကမ်းသာတွင် ဆောင်ရွက်ခဲ့သည်။

**အဖွင့်အမှာစကား ပြောကြား**

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့အဖွဲ့ဝင်(၁) ဗိုလ်မှူး ရဲနိုင်လွင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုးက ရှာဖွေကယ်ဆယ်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် အချက်အလက်များအား ရှင်းလင်းပြောကြားခဲ့သည်။




ထို့နောက် ရေပြင်အသက်ကယ် ရှာဖွေကယ်ဆယ်ရေးနှင့် ပတ်သက်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူများက ရှာဖွေကယ်ဆယ်ရေးယာဉ် သုံးစင်းဖြင့် မြစ်ရေပြင်အတွင်း လှေတိမ်းမှောက်ရာ၌ ရေနစ်သူများအား ရှာဖွေကယ်ဆယ်ခြင်း လုပ်ငန်းများကို သရုပ်ပြလေ့ကျင့်ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ သရုပ်ပြလေ့ကျင့်ရာနေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)၊ အဖွဲ့ဝင်(၂)၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် ဌာနဆိုင်ရာများ၊ ပြည်သူများက ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဥတုရာသီ
တောကို မီး၍

# ပေါင်မြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း လက်ကမ်းစာစောင်များ ဖြန့်ဝေ

ပေါင် ဇူလိုင် ၃

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ယနေ့ နံနက် ၈ နာရီက ကဒါရပ်ကွက် မင်္ဂလာဈေး၌ ဖြန့်ဝေခဲ့သည်။

**ဖြန့်ဝေပေး**

ဦးစွာ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပေါင်မြို့နယ်ဦးစီးမှူး ဦးသန်းဝင်းဇော်နှင့် ဝန်ထမ်းများက လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို မြို့နယ်အတွင်းရှိ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန်နှင့် ပူးပေါင်းပါဝင်နိုင်ရန်အတွက် အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၇-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၅၅ | ၂၇၃၀ | ၂၇၁၀ | ၂၆၆၅ | ၂၇၃၅ | ၂၇၄၅ | ၂၇၅၅ | ၂၇၁၅ | ၂၈၄၅ | ၂၈၇၅ | ၂၇၂၀ | ၂၇၃၅ | ၂၇၇၀ | ၂၇၆၀ | ၂၇၇၀ | ၃၁၈၀ | ၃၇၀၀ |
| 95 Ron | ၂၇၉၀ | ၂၈၆၅ | ၂၈၄၅ | ၂၈၀၀ | ၂၈၇၀ | ၂၈၈၀ | ၂၈၉၅ | ၂၈၅၀ | ၂၉၈၀ | ၃၀၁၀ | ၂၈၅၅ | ၂၈၇၀ | ၂၉၀၅ | ၂၈၉၅ | ၂၉၀၅ | ၃၃၁၅ | ၃၈၅၀ |
| HSD (500 ppm) | ၂၄၆၅ | ၂၅၄၀ | ၂၅၂၀ | ၂၄၇၀ | ၂၅၄၀ | ၂၅၅၅ | ၂၅၆၅ | ၂၅၂၀ | ၂၆၅၀ | ၂၆၈၀ | ၂၅၃၀ | ၂၅၄၅ | ၂၅၇၅ | ၂၅၆၅ | ၂၅၈၀ | ၂၉၈၅ | ၃၈၀၀ |
| HSD (50 ppm) | ၂၈၉၅ | ၂၉၇၅ | ၂၉၅၀ | ၂၉၀၅ | ၂၉၇၅ | ၂၉၉၀ | ၃၀၀၀ | ၂၉၅၅ | ၃၀၈၅ | ၃၁၁၅ | ၂၉၆၅ | ၂၉၈၀ | ၃၀၁၀ | ၃၀၀၀ | ၃၀၁၀ | ၃၄၂၀ | ၃၈၀၀ |
| HSD (10 ppm) | ၂၈၉၅ | ၂၉၇၅ | ၂၉၅၀ | ၂၉၀၅ | ၂၉၇၅ | ၂၉၉၀ | ၃၀၀၀ | ၂၉၅၅ | ၃၀၈၅ | ၃၁၁၅ | ၂၉၆၅ | ၂၉၈၀ | ၃၀၁၀ | ၃၀၀၀ | ၃၀၁၀ | ၃၄၂၀ | ၃၈၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၀၉ | ၂၅၉၃ |
| 95 Ron | ၂၆၄၁ | ၂၇၂၇ |
| HSD (500 ppm) | ၂၃၂၄ | ၂၄၀၀ |
| HSD (50 ppm) | ၂၇၄၅ | ၂၈၂၉ |
| HSD (10 ppm) | ၂၇၄၅ | ၂၈၂၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-


၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



# ပခုက္ကူဈေးကွက်သို့ နှမ်းနက်(စမုန်)နှင့် နှမ်းဖြူများ လှိုင်လှိုင်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်



ပခုက္ကူ ဇူလိုင် ၃

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ မြစ်ခြေရွာ၊ ကမ္ဘူရွာနှင့် ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာများမှ စိုက်ပျိုးထွက်ရှိသော နှမ်းနက်(စမုန်)နှင့်နှမ်းဖြူများ ပခုက္ကူဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်၍ တစ်ရက်လျှင် တစ်တင်းခွဲဝင်အိတ် ၅၀ မှ ၂၀၀ အထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် နှေနှမ်းများကို ပခုက္ကူမြို့ပေါ်ရှိ ဆီစက်လုပ်ငန်းရှင်၊ နှမ်းလှော်လုပ်ငန်းရှင်များနှင့် မကွေး၊ ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး ကုန်ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

# ပခုက္ကူဈေးကွက်၌ CP ပြောင်း အရောင်းအဝယ်ဖြစ်လျက်ရှိ

ပခုက္ကူ ဇူလိုင် ၃

မကွေးတိုင်းဒေသကြီး ပခုက္ကူဈေးကွက်၌ ပဲစင်းငုံနီ၊ မတ်ပဲ၊ ကုလားပဲနှင့် CP ပြောင်း စသည့်သီးနှံများ နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ပခုက္ကူမြို့နယ်၊ ရေစကြိုမြို့နယ်နှင့် ပခုက္ကူမြို့နယ်အတွင်းရှိ မြင်းဝင်း၊ ငကျော်၊ နန်းတော်ရပ် စသည့် ကျေးရွာအုပ်စုများအပြင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်အတွင်းရှိ ကျေးရွာများမှ စိုက်ပျိုးထွက်ရှိသော CP ပြောင်းများ ပခုက္ကူဈေးကွက်သို့ ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ဇွန်လ နောက်ဆုံးပတ်အတွင်း တစ်ရက်လျှင် CP ပြောင်းအိတ်ရေ ၂၀၀ မှ ၃၀၀ အထိ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဈေးကွက်အနေဖြင့် မြန်မာပြည်အောက်ပိုင်း၊ မန္တလေးမြို့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

# မင်းလှမြို့နယ်ထွက် ကီလိုမာလကာသီးဈေးကွက်



မင်းလှ ဇူလိုင် ၃

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ်၌ ကီလို မာလကာသီးများကို စီးပွားဖြစ်သော်လည်းကောင်း၊ တစ်နိုင်တစ်ပိုင်ဖြင့်သော်လည်းကောင်း ဥယျာဉ်ခြံများနှင့် အိမ်ခြံဝင်းများ၌ စိုက်ပျိုးကြသည်။ ထိုသို့စိုက်ပျိုးရာတွင် တစ်ဧကလျှင် အပင်ရေ ၃၀၀ ကျော် စိုက်ပျိုးနိုင်ပြီး မျိုးအနေဖြင့် ကိုင်းကူးမျိုးများကို ကျောက်ပန်းတောင်းမြို့မှ ဝယ်ယူစိုက်ပျိုးကြ ကြောင်း၊ စိုက်ပျိုးပြီး သုံးလအကြာတွင် အသီးများ စတင်သီးပြီး အသီးများအား တစ်ရက်ခြားလျှင် တစ်ကြိမ်ခူးဆွတ်ရကာ ဈေးနှုန်းအနေဖြင့် ကီလိုမာလကာသီး အလုံးအကြီးအသေး အပေါ်မူတည်၍ ရောင်းချလျက်ရှိသည်။ ဈေးကွက်အနေဖြင့် မင်းလှ-သရက်နှင့် မင်းလှ-မလွန်လမ်းဆုံရှိ သစ်သီးဆိုင်များသို့ တင်ပို့ရောင်းချ ကြကြောင်း သိရသည်။

# မုံရွာမြို့နယ်၌ ကွမ်းဈေးနှုန်းများ ကျဆင်း၍ အရောင်းအဝယ်ဖြစ်



မုံရွာ ဇူလိုင် ၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ကွမ်းကို မိမိတို့အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင်အနေဖြင့်လည်းကောင်း၊ အပိုဝင်ငွေ ရရှိရန်အတွက်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ကွမ်းကို ဆောင်းစိုက်နှင့် မိုးစိုက်ဟူ၍ နှစ်မျိုးခွဲ၍ စိုက်ပျိုးကြရာ မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အနည်းငယ်သာစိုက်ပျိုးကြပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

မုံရွာမြို့နယ်၌ ဖြစ်ပေါ်နေသော ကွမ်းဈေးနှုန်းများအနေဖြင့် အရည်အသွေး အပေါ်မူတည်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ မိုးဦးရာသီတွင် ကွမ်းအထွက်နှုန်းများတိုးကာ ဈေးကွက်အတွင်း ကုန်ဝင်ရောက်မှုများပြားသည့်အတွက် ကွမ်းဈေးနှုန်းများ ဆက်လက်ကျဆင်း၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရသည်။ ■

သတင်း
ရင်းမြစ်
စီးပွား
ကူးသန်း

## ၃ - ၇ - ၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | ၆၅၅၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၁၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | - | ၁၇၅၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၄၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၁၅၅၀၀ | ၆၃၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၅၅၀၀ | ၃၅၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၅ | မော်လမြိုင် | ၃၀၀၀ | | ၅၁၀၀ | ၁၇၀၀၀ | ၆၁၀၀ | ၉၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၆ | ထားဝယ် | ၃၆၆၀ | | ၆၅၀၀ | ၁၇၀၀၀ | ၆၃၀၀ | ၁၃၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၇ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၆၅၀၀ | ၆၄၀၀ | ၁၅၀၀၀ | ၂၉၀၀ | ၁၂၅၀၀ | ၁၃၅၀၀ | ၁၅၀၀၀ | ၁၁၅၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၈၀၀ | ၄၀၀၀ | ၅၃၀၀ | ၁၇၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၈ | ရန်ကုန် | ၃၂၀၀ | | ၅၄၀၀ | ၁၇၀၀၀ | ၅၇၈၅ | ၁၀၀၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၇၀၀၀ | ၃၃၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၉ | ပုသိမ် | ၃၂၀၀ | | ၅၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၅၈၀၀ | ၂၈၀၀ | ၁၈၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၀ | ဟားခါး | | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၁ | မုံရွာ | ၃၅၅၀ | ၃၀၀၀ | ၆၁၀၀ | ၁၅၀၀၀ | ၆၆၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၅၈၀၀ | ၈၀၀ | ၇၅၀၀ | ၈၃၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၈၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၂ | မန္တလေး | ၃၂၀၀ | | ၅၉၀၀ | ၁၆၀၀၀ | ၆၂၃၅ | ၁၁၀၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၇၄၀၀ | ၆၂၀၀ | ၆၀၀၀ | ၃၈၀၀ | ၆၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၂၀၀၀ |
| ၁၃ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ၁၄၀၀၀ | ၆၃၀၀ | ၁၁၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၉၅၀၀ | ၇၅၀ | ၈၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၂၉၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၄ | မကွေး | ၃၃၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၁၀၀၀ | ၂၃၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၄၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၅ | ပြည် | ၃၁၀၀ | | ၅၃၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၄၀၀၀ | ၅၉၀၀ | ၈၅၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၁၁၅၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၂၀၀ | ၄၀၀၀ | ၃၀၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၇ | ပျဉ်းမနား | ၃၀၀၀ | | ၆၂၅၀ | ၁၅၄၀၀ | ၅၇၀၀ | ၁၂၀၀၀ | ၂၄၀၀ | ၁၂၄၀၀ | ၁၃၄၀၀ | ၇၀၀၀ | ၈၂၀၀ | ၅၀၀ | ၇၈၀၀ | ၆၄၀၀ | ၆၂၀၀ | ၃၄၀၀ | ၅၂၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၈၀၀ |
| ၁၈ | နေပြည်တော် | ၃၀၀၀ | | ၆၂၅၀ | ၁၆၀၀၀ | ၅၇၀၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၃၀၀၀ | ၁၃၈၀၀ | ၇၂၀၀ | ၉၀၀၀ | ၅၀၀ | ၈၀၀၀ | ၆၄၀၀ | ၆၅၀၀ | ၃၆၀၀ | ၅၄၀၀ | ၁၄၂၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၉ | ကလေး | ၃၅၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၁၁၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၁၂၅၀၀ | ၁၃၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၂၁၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |

မှတ်ချက်။

# မကွေးတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ



**မကွေး ဇူလိုင် ၃**

၂၀၂၃- ၂၀၂၄ ပညာသင်နှစ် မကွေးတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၃၀ ရက်က မကွေးတက္ကသိုလ်ဘောလုံးကွင်း၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

ဦးစွာ မကွေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်၊ မကွေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးနှင့် တာဝန်ရှိသူများက ဗိုလ်လုပွဲစဉ်အဖြစ် ဓာတုဗေဒအသင်းနှင့် ဝိဇ္ဇာညွှန့်ပေါင်းအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးရာ ဓာတုဗေဒအသင်းက သုံးဂိုး- တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာအကောင်းဆုံးဂိုးသမားဆု၊ နောက်တန်း အကောင်းဆုံးဆု၊ အလယ်တန်းအကောင်းဆုံးဆု၊ ရှေ့တန်းအကောင်းဆုံးဆုနှင့် ပွဲစဉ်တစ်လျှောက်အကောင်းဆုံး အားကစားသမားဆုရရှိသူများအား မကွေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးက ဆုကလပ်နှင့် ဂုဏ်ပြုလွှာများ ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ဒုတိယဆုရရှိသော ဝိဇ္ဇာညွှန့်ပေါင်းအသင်းအား တစ်ဦးချင်းဆုဆွဲပြားနှင့် ဂုဏ်ပြုလွှာကို ဒုတိယပါမောက္ခချုပ် ဒေါက်တာချိုချိုလွင်ကလည်းကောင်း၊ ပထမဆုရရှိသည့် ဓာတုဗေဒအသင်းအား တစ်ဦးချင်းဆုဆွဲပြားနှင့် ဂုဏ်ပြုလွှာကို ဒုတိယပါမောက္ခချုပ်ဒေါက်တာသန်းအောင်ထွေးကလည်းကောင်း၊ တံခွန်စိုက်ဒိုင်းဆုကို မကွေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်ကလည်းကောင်း ချီးမြှင့်ခဲ့သည်။

၂၀၂၃- ၂၀၂၄ ပညာသင်နှစ် မကွေးတက္ကသိုလ်ဘာသာရပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းကိုးသင်းက ဇွန် ၁၈ ရက်မှ ၃၀ ရက်အထိ အုပ်စုပတ်လည်ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။ **အောင်ကို(ဖန်ခါးမြေ)**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၅ ရက် (သောကြာနေ့)ညတွင် မိုးရာသီနှင့်သက်ဆိုင်သည့် တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ဌာနအဆိုရှင်များနှင့် ပြင်ပတေးသံရှင်များ စုပေါင်း၍ **“ ဝါဆိုမိုး ”** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၅-၇-၂၀၂၄) ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ<br>“ ဝါဆိုမိုး ” တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့်<br>တေးသီချင်း(၁၃)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | မိုးငွေ့လေချီ | ပြင်ပအဆိုရှင် |
| ၂။ | မိုးတွေရွာတိုင်းမျက်ရည်ဝိုင်း | ပြင်ပအဆိုရှင် |
| ၃။ | ဗုံကြီးသံ | တူယှဉ်နွဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၄။ | မပြိုသည့်မိုး | တူယှဉ်နွဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၅။ | ရာမညမြေကဝါဆိုမိုး | ပြင်ပအဆိုရှင် |
| ၆။ | ကသစ်ပန်း | ပြင်ပအဆိုရှင် |
| ၇။ | ချစ်မိုးစွေ | ပြင်ပအဆိုရှင် |
| ၈။ | မိုးရွာမယ်ဆိုရင်လေ | ပြင်ပအဆိုရှင် |
| ၉။ | ရွာပါမိုး | ဌာနအဆိုရှင် |
| ၁၀။ | တိမ်လွှာမို့မို့လွင် | တူယှဉ်နွဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၁၁။ | မေမြို့မိုး | ပြင်ပအဆိုရှင် |
| ၁၂။ | မိုးဒေဝါသို့ပန်ကြားခြင်း | ပြင်ပအဆိုရှင် |
| ၁၃။ | အလွမ်းဒဏ်ရာ | ပြင်ပအဆိုရှင် |



# ဘိုကလေးမြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချပွဲကျင်းပ

**ဘိုကလေး ဇူလိုင် ၃**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကျင်းပဆောင်ရွက်သော ၂၀၂၄-၂၀၂၅ မိုးစပါးရာသီ ကြဲခင်းစနစ် လျော့နည်းရေးအတွက် မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဘိုကလေးမြို့နယ် ကံစုကျေးရွာရှိ ဦးစန်းဝင်း၏ လယ်ယာမြေ၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

အဆိုပါ အခမ်းအနားတွင် ဘိုကလေးမြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံဝင်းနှင့် ကော်မတီဝင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းစိုးဦးနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများက သမားရိုးကျ ကြဲခင်းစနစ်ဖြင့် မျိုးစေ့ချမှုအစား မျိုးစေ့ချကိရိယာအသုံးပြု၍ လယ်ယာမြေနှစ်ကေ၌ မှော်ဘီ(၃) မျိုးစေ့ချမှုအား ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**

# နမ့်စန်မြို့နယ်၌ မျိုးစေ့၊ မျိုးစေ့ချကိရိယာနှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်

**နမ့်စန် ဇူလိုင် ၃**

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်တွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေမှ မျိုးစေ့၊ မျိုးစေ့ချကိရိယာနှင့် ဓာတ်မြေဩဇာများ တောင်သူများထံ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အမှတ်(၅)ရပ်ကွက်ရှိ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းက ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေမှ ထောက်ပံ့ပေးအပ်သည့် မျိုးစေ့၊ မျိုးစေ့ချကိရိယာနှင့် ဓာတ်မြေဩဇာများ နည်းစနစ်မှန်ကန်စွာနှင့် အကျိုးရှိစွာအသုံးပြုနိုင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမြသိန်းနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ဟိုင်းလိုက်၊ ဝမ်ပုံ၊ လွိုင်ယဲ၊ အမှတ်(၅)၊ မိုင်းစိတ်နှင့် မက်မွန်မုန်းကျေးရွာအုပ်စုတို့မှ တောင်သူ ၅၀ အား ပြောင်း၊ စပါး၊ နေကြာနှင့် မြေပဲမျိုးစေ့စုစုပေါင်း ဧက ၇၀ စာ၊ ယူရီးယား၊ ကွန်ပေါင်း ဓာတ်မြေဩဇာအိတ် ၁၄၀ နှင့် မျိုးစေ့ချကိရိယာ ခုနစ်ခုတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သူရအောင်(နမ့်စန်)**



# ငပုတောမြို့နယ်၌ မျိုးစေ့ချကိရိယာပေးအပ်ပွဲ ကျင်းပ

**ငပုတော ဇူလိုင် ၃**

ဧရာဝတီ တိုင်းဒေသကြီး ငပုတောမြို့နယ် ဖျန်ရေကျော်ကျေးရွာ၌ ကြဲခင်းစနစ်ပပျောက်စေရေးအတွက် မျိုးစေ့ချကိရိယာပေးအပ်ပွဲအခမ်းအနားနှင့် မျိုးစေ့ချပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကွင်းအမှတ် (၁၃၂၇)(က)၊ ဦးပိုင်အမှတ် (၁၈/၁)၊ တောင်သူ ဦးသိန်းထွေး၏ လယ်မြေ၌ ကျင်းပသည်။



**ပြောကြား**

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်သူက မြို့နယ်အတွင်းရှိ မိုးစပါးစိုက်ကေများတွင် တစ်ကေစပါးအထွက်နှုန်း ပိုမိုတိုးတက်စေရေး၊ လယ်ယာလုပ်သား ရှားပါးမှုနှင့် ကောက်စိုက်စရိတ်ကြီးမြင့်သည့်အခက်အခဲများ ကျော်လွှား၍ ကုန်ကျစရိတ်သက်သာစွာဖြင့် အချိန်တိုအတွင်း ပြီးစီးနိုင်သော မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးနည်းစနစ်ကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့်တိုးချဲ့ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ၂၀၂၄- ၂၀၂၅ ခုနှစ် မိုးစပါးရာသီ၌ မျိုးစေ့ချကိရိယာအသုံးပြု၍ မျိုးစေ့ချစိုက်ပျိုးပွဲ အခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရေး ကော်မတီဥက္ကဋ္ဌနှင့် စိုက်တိုးမြှင့်အဖွဲ့ဝင်များက မျိုးစေ့ချကိရိယာများကို တောင်သူများထံ ပေးအပ်ပြီး တောင်သူ ဦးသိန်းထွေး၏ လယ်မြေ ၂ ဒသမ ၁၇ ကေတွင် မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချသရုပ်ပြစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရေ၏အရေးပါပုံ၊ ရေ၏တန်ဖိုး၊ ရေပေးဝေမှုဆိုင်ရာနှင့် ရေဆိုးစွန့်ပစ်မှုဆိုင်ရာများ အသိပညာပေးဟောပြော

**ရန်ကုန် ဇူလိုင် ၃**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)၏ စီစဉ်ကြီးကြပ်မှုဖြင့် ရေ၏အရေးပါပုံ၊ ရေ၏တန်ဖိုး၊ ရေပေးဝေမှုဆိုင်ရာ၊ ရေဆိုးစွန့်ပစ်မှုဆိုင်ရာများနှင့် ပတ်သက်၍ ကျောင်းသား ကျောင်းသူများ ဗဟုသုတရရှိစေရန် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကင်းမြို့နယ် ရန်ကင်းပညာရေးကောလိပ်၌ ပြုလုပ်ခဲ့သည်။

ရန်ကင်းပညာရေးကောလိပ်မှ ဆရာမကြီးဒေါ်ပွင့်ဖြူခိုင်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီအင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး) ဒေါ်သင်းသင်းစိုးက ရေပေးဝေရေးသမိုင်းကြောင်း၊ ရေသံသရာလည်ပုံ၊ ရေသန့်စင်စနစ်နှင့် ရေဆိုးစွန့်ပစ်မှုဆိုင်ရာများ၊ ရေနှင့်ပတ်သက်သည့် အကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့သည်။ ထို့နောက် ကျောင်းသား ကျောင်းသူများ၏ သိရှိလိုသည့် မေးမြန်းမှုများကို အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး ရေသန့်စင်မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို လက်တွေ့သရုပ်ဖော်ပြသခဲ့ကြောင်း သိရသည်။ **ကိုထက်**



## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၂) ရပ်ကွက်၊ သုဒဿန (၂) လမ်း၊ အမှတ်(၁၂၃) ဟု ခေါ်တွင်သော (၂) ခန်းတွဲ၊ (၆) ထပ်အဆောက်အဦရှိ မြေညီထပ် (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၉ ပေ x ၅၄) ပေရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်တိုးတိုးအောင် [၁၂/မဂဒ(နိုင်)၀၂၃၃၉၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့် စပ်လျဉ်း၍ နစ်နာမှု တစ်စုံတစ်ရာအကြောင်းရှိနိုင်သူ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလိမ္မော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၃၁၄)**
**အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၆၉၂၂၉၉၅၆၃၊ ၀၉-၄၂၈၆၃၀၇၀၄**

## သက်ဆိုင်သူများနှင့် အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းနိုင်ဝင်း [၁၂/စခန(နိုင်)၀၅၃၃၀၇]၏ လွှဲအပ်ညွှန်ကြားချက်အရ သက်ဆိုင်သူများနှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

၁။ ကျွန်ုပ်မိတ်ဆွေ၏ဖခင် ဦးထွန်းဝင်းသည် ဒေါ်စန်းနှင့် တရားဝင်ပေါင်းသင်း၍ ဦးသိန်းနိုင်ဝင်းဟုခေါ်သော သား(၁)ဦး ထွန်းကားခဲ့ပြီး ဒေါ်စန်းသည် (၂၈-၉-၁၉၈၄)ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။ ထို့နောက် ဦးထွန်းဝင်းသည် ဒေါ်မေသက်ခိုင်နှင့် အိမ်ထောင်ပြုပြီး ဦးကျော်ခိုင်ဝင်းနှင့် ဒေါ်နန္ဒာဝင်းဟု ခေါ်သော သား၊ သမီး (၂)ဦး မွေးဖွားခဲ့ပါသည်။

၂။ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉/စီ)၊ မြေကွက်အမှတ်(၈၉)တွင် တည်ရှိသော ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၃၁)ဟု ခေါ်တွင်သည့် အကျယ်အဝန်း (၃၀ ပေ x ၆၀ ပေ)၊ ဧရိယာ (၀.၀၄၁)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်များအား ဦးထွန်းဝင်းသည် ၎င်း၏မိဘအရင်းများဖြစ်သည့် ဦးပုကြွယ်-ဒေါ်ဖွားဆင့်နှင့် (ပထမဇနီး) ဒေါ်စန်းတို့ သက်ရှိထင်ရှားရှိစဉ်ကတည်းက အစ်မအရင်းဖြစ်သူ ဒေါ်မြစိန်နှင့်အတူ ပူးတွဲအမည်ပေါက် ပိုင်ဆိုင်၍ နေထိုင်အကျိုးခံစားခဲ့ပါသည်။

၃။ ဦးထွန်းဝင်းသည် (၂၀-၅-၂၀၂၄)ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီးဖြစ်၍ အထက်အပိုဒ်(၂)၌ ဖော်ပြထားသော မရွှေ့မပြောင်းနိုင်သောပစ္စည်းမှ ဦးထွန်းဝင်းပိုင်ဆိုင်သောအစုအား ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးသိန်းနိုင်ဝင်းမှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ (၄/၃)လေးပုံသုံးပုံ ဆက်ခံခွင့်ရှိသော အမွေပစ္စည်းဖြစ်ပါသည်။

၄။ ထို့ကြောင့် အထက်အပိုဒ်(၂)ပါမြေကွက်နှင့် မြေပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့မှ ဦးထွန်းဝင်းပိုင်ဆိုင်သောအစုကို ကျွန်ုပ်မိတ်ဆွေဖြစ်သူ၏ သဘောဆန္ဒမပါရှိ၊ မသိရှိဘဲ၊ ခွင့်ပြုချက်မရှိဘဲ မည်သူမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ရယူခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း အစရှိသည်တို့ကို မပြုလုပ်ပါရန် လေးနက်စွာ အသိပေးတားမြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နှင်းဝေအောင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၁၇)**
**LL.B. D.B.L, D.M.L, D.I.L (W.I.P.O-Switzerland)**
**အခန်းအမှတ်(၄၀၁)၊ ဆရာစံလမ်း၊ ရန်ကင်းစင်တာအိမ်ရာ၊ (၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၁၇၂၂၆၀၇၊ ၀၉-၄၄၈၀၂၅၈၃၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ မင်းဓမ္မလမ်း၊ မင်းဓမ္မအဆင့်မြင့်အိမ်ရာ၊ တိုက်အမှတ်-အေ၊ အခန်းအမှတ် (၀၁/၀၃)၊ အကျယ် (၂၃၈၀) စ/ပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ဆက်စပ်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ယာ/အုံ) တွင် ဒေါ်ခင်သီတာကျော် [၁၂/အစန (နိုင်) ၀၄၃၁၁၄] အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ (၂၂-၁-၂၀၂၂) ရက်စွဲပါ "ကွန်ဒိုတိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်" အရ ဝယ်ယူ ပိုင်ဆိုင်လက်ဝယ်ထားရှိသူများဖြစ်သည့် ဒေါ်မင်းမင်း [၆/ကသန (နိုင်) ၀၀၄၂၉၃] နှင့် ဒေါ်မာလာ [၆/ကသန (နိုင်) ၀၀၄၂၈၆] တို့က မိမိတို့တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့်ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန့်ဇော် တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး
## ၂၀၂၄-ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၇

ဒေါ်ဟေမာန်မာအောင် (တရားလို) နှင့် ဦးကျော်သူရအောင် (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၇) ရပ်ကွက်၊ ခရမ်းပြာလမ်း၊ အမှတ်(၁၀၉၀/က)နေ ဦးကျော်သူရအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်းမြေကွက်အား အရောင်းဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၅) ရက် (၁၃၈၆ - ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်) မွန်းမတည့်မီ (၁၁:၀၀)နာရီတွင် အထက်အမည်ပါသူတို့သည် တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါ နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီ ပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၆) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နွဲ့ယဉ်စိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၄)**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ပေါ်ထွန်းကျော် [၁၂/ပဇတ(နိုင်)၀၃၇၉၃၁]၏ အကောက်ခွန်ရှင်းလင်းရေးကိုယ်စားလှယ်ကတ် ၅၄၂၀၅၈ (ပန်းရောင်) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၂၇၂၉၃၀**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ ဒုတက အေးလွင်(ကိုယ်ပိုင်အမှတ်-၆၆၃၃၃၀)မှတ်ပုံတင်အမှတ် [၉/လဝန(နိုင်)၀၀၈၇၃၈] အဖအမည် ဦးအေးမောင် အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၂၁၄၅ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်ကြည်သိန်း မှတ်ပုံတင်အမှတ် [၇/တငန(နိုင်)၀၅၂၆၂၂] အဖအမည် ဦးလှမြင့်မှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ ဒုတက အေးလွင် သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အဦပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်းခြင်း

ဦးဝင်းသိန်း [၁၂/အစန(နိုင်)၀၆၈၄၆၃]-ဒေါ်ဆွေဇင်မြတ် [၁၂/အစန(နိုင်)၁၆၀၁၅၉] တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အ.ထ.က(၆) Grade-9မှ မယွန်းဖူးအိမ်အား မနွယ်နီဝင်း[၁၂/အစန(နိုင်)၂၈၉၁၈၇]ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ မြေကွက်အမှတ်(၇၀၃)၊ မြေအကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိပါမစ်မြေအမျိုးအစားမြေကွက်သည်ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးမြဟန်[၁၂/သဃက(နိုင်)၁၂၀၂၄၄]အမည်ဖြင့်မှတ်သားတည်ရှိ၍ ၎င်းထံမှအရောင်းအဝယ် စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍အရှုပ်အရှင်းကင်းရှင်းစွာ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမင်းထွန်းလင်း [၁၄/ဝခမ(နိုင်)၁၀၆၁၉၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် စာချုပ်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြည်ကြည်ထွေး(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၀၀)**
**အမှတ်(၁၆/ခ)၊ ရန်ကုန်လမ်း၊ (၆)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၅၈၅၅၃၊ ၀၉-၇၉၉၄၆၆၉၅၄**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း


ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅)၊ ရွှေရတနာလမ်း၊ မြေကွက်အမှတ်(၂၄၃)၊ အကျယ်(၄၀ x ၆၀)ပေရှိ ဦးအုန်းကျော်(အေအေ-၀၀၀၅၁၅) အမည်ပေါက် ပါမစ်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်(၂၀ x ၆၀)ပေရှိ ခြေရင်းခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေကွက်အမည်ပေါက်သူဦးအုန်းကျော်ထံမှ အဆက်ဆက်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဖြစ်သည်ဟု ဝန်ခံကတိပြုသူ ဦးမျိုးမင်းဟန်[၁၂/ပဇတ(နိုင်)၀၃၁၄၃၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်ဦး[၈/ရစက(နိုင်)၁၂၃၂၇၈]က အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။

သို့ပါ၍ မည်သူမဆို ထိုအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးခင်မောင်ဦး[၈/ရစက(နိုင်)၁၂၃၂၇၈]၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နှင်းအိဇာ LL.B., D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၂၇)**
**အခန်း(၄၀၄)၊ တိုက်(၂၃)၊ အင်းဝအိမ်ရာ၊ ရောဝဏ်လမ်းမကြီး၊ (၆၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၈၉၃၅၁၄၅၆၄**

## "စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်း အသိပေးကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ဦးလွန်းလမ်း၊ အမှတ် (၁၂) တွင်နေထိုင်သော ဦးဇော်မင်းထွဋ်၊ မှတ်ပုံတင်အမှတ်[၁၂/တမန(နိုင်)၁၁၂၂၅၃]သည် အောက်တွင်ဖော်ပြထားသော အဆင်ဒီဇိုင်းအား မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ မူပိုင်ခွင့်ဦးစီးဌာနတွင် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေဖြင့် လျှောက်ထားခဲ့ပြီးလျှောက်ထားချက်များအား လက်ခံထားသည့် အောက်ပါလျှောက်လွှာ နံပါတ်များရရှိပြီးဖြစ်ပါသည်-




**လျှောက်လွှာအမှတ်- D/2024/000041**




**လျှောက်လွှာအမှတ်- D/2024/000043**

အထက်ဖော်ပြပါ CHARGER များထည့်သွင်းသည့်ဘူး၏ SURFACE PATTERN ဒီဇိုင်းများကို ကိုယ်တိုင် ဖန်တီးရေးဆွဲ၍ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခဲ့ပြီး ဌာနမှလျှောက်လွှာလက်ခံသည့်နေ့ရက်မှစတင်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီ/လက်ကားထုတ်လုပ်ဖြန့်ဖြူးရောင်းချကာ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍အဆိုပါ SURFACE PATTERN ဒီဇိုင်းများအား ဒီဇိုင်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မည်သည့်ပုံစံဖြင့်မဆို မှီငြမ်းတုပသုံးစွဲခြင်း၊ တစ်နည်းနည်းဖြင့်ထင်ယောင် ထင်မှားဖြစ်စေခြင်း မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ အကယ်၍သတိပေးတားမြစ်ချက်အပေါ် လိုက်နာခြင်းမရှိပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလိုတရားစွဲဆိုဆောင်ရွက်သွားမည့်အပြင် တုပပြုလုပ်သည့် ဒီဇိုင်းအဆင်များကို ဖျက်သိမ်းပျက်ပြယ်သွားသည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်မင်းထွဋ်၏လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်အေးမင်းမင်းသိမ့် | ဒေါ်ဟေမာန်ဦး | ဒေါ်စုထွေးလတ် |
|---|---|---|
| (LL.B,D.B.L,D.I.L,D.M.L) | (LL.B,LL.M) | (LL.B, LL.M,D.B.L) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇) | အထက်တန်းရှေ့နေ(စဉ် -၅၁၄၆၉) | အထက်တန်းရှေ့နေ(စဉ်-၅၂၈၉၆) |

**အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ မင်းဓမ္မလမ်းမကြီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၈၉၄၂**

## ဦးရာဇာဝင်းထွန်း[၁၂/တမန(နိုင်)၁၀၈၃၂၄]နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဆာကူရာတာဝါ၊ အမှတ်-၃၉၉၊ အခန်း- ၁၄၀၁-၄ ရှိ ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၉၂၉၂၆၄၈၊ ONE OCEAN NETWORK EXPRESS (MYANMAR) LTD ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေကုမ္ပဏီဖြစ်သော ONE OCEAN NETWORK EXPRESS (MYANMAR) LTDသည် Liner Shipping and Liner Shipping related services လုပ်ငန်းကို မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများ၌ ကောင်းသောအမည်ဂုဏ်သတင်းဖြင့် လုပ်ကိုင်လျက်ရှိပါသည်။

ONE OCEAN NETWORK EXPRESS (MYANMAR) LTD၏ Marketing and Commercial Division တွင် ဦးရာဇာဝင်းထွန်းသည် (၁-၄-၂၀၁၈) ရက်နေ့မှစ၍ (၈-၁၁-၂၀၂၃)ရက်နေ့ထိ မန်နေဂျာရာထူးဖြင့် လုပ်ကိုင်ခဲ့သူဖြစ်ပြီး၊ ဦးရာဇာဝင်းထွန်းအနေဖြင့် ငွေကြေးတောင်းခံခွင့်ရှိသူ တစ်ဦးဖြစ်သည့်အားလျော်စွာ လုပ်ငန်းအပ်နှံသူများ(Customers)နှင့် ကုမ္ပဏီတို့အကြား ကုမ္ပဏီသို့တင်ပြသည့်ငွေကြေးများတွင် ငွေကြေးကွာဟမှုများနှင့် စာရင်းရှင်းလင်းရန်ရှိသည့်ကိစ္စရပ်များ ဖြစ်ပေါ်လာခဲ့ရာ ကျွန်ုပ်မိတ်ဆွေကုမ္ပဏီနှင့် ဦးရာဇာဝင်းထွန်းတို့က (၂၅-၁-၂၀၂၄) နေ့စွဲပါ "ငွေပေးချေမှုဆိုင်ရာ သဘောတူညီချက်စာချုပ်"ကို ချုပ်ဆိုခဲ့ကြပါသည်။ အဆိုပါ စာချုပ်၏အပိုဒ်(၄)အရ ဦးရာဇာဝင်းထွန်းက ကုမ္ပဏီသို့ ပြန်လည်ပေးအပ် ရမည့်ငွေ USD 125,016 အစား USD 27,000 ကိုသာပေးချေရန် ကုမ္ပဏီမှ သက်ညှာခွင့်ပြုခဲ့ပြီး ယင်း USD 27,000 ကို ၂၀၂၄-ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၄-ခုနှစ်၊ ဒီဇင်ဘာလအထိ အရစ်ကျပေးဆပ်ရန် သဘောတူညီခဲ့ကြသော်လည်း ဦးရာဇာဝင်းထွန်းက ၂၀၂၄- ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပေးအပ်ရမည့် ကနဦးငွေကိုသာ ( ၂၉-၂-၂၀၂၄)ရက်နေ့တွင် တစ်ကြိမ်တည်းသာ ပေးဆပ်ခဲ့ပါသည်။

ထို့ကြောင့် (၂၅-၁-၂၀၂၄)နေ့စွဲပါစာချုပ်အရ ဦးရာဇာဝင်းထွန်းက ကျွန်ုပ်မိတ်ဆွေကုမ္ပဏီသို့ ပြန်လည်ပေးဆပ်ရမည့် ငွေများနှင့်စပ်လျဉ်း၍ ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်မိတ်ဆွေ ကုမ္ပဏီသို့ဆက်သွယ်အကြောင်း ပြန်ကြားပေးပါရန်နှင့် ဦးရာဇာဝင်းထွန်းဘက်မှ သတ်မှတ်ရက်အတွင်း အကြောင်းပြန်ကြားခြင်းမရှိဘဲ ငြင်းဆို ပျက်ကွက်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ဦးရာဇာဝင်းထွန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ONE OCEAN NETWORK EXPRESS (MYANMAR) LTD ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးမိုးမင်းဆွေ | ဒေါ်ခင်မာနွယ် | ဒေါ်နန်းစုမြတ်နိုးထွဋ် | ဒေါ်အိအိဖြိုး |
|---|---|---|---|
| (LL.B, D.B.L) | (LL.B, D.B.L) | (LL.B) | (LL.B) |
| (စဉ်-၁၄၄၀၄) | (စဉ်-၁၄၂၆၂) | (စဉ်-၁၇၅၉၀) | (စဉ်-၁၃၁၇၁) |

**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်အေးမြတ်သွေး(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၇၉၅၈)**
**အမှတ်-၄၈၊ နတ်မောက်လမ်းသွယ်(၁)လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၁၀၂၂၁၁၂၊ ၀၉-၄၄၅၇၇၅၆၈၂၁**

## အမှားပြင်ဆင်ချက်

(၃-၇-၂၀၂၄)ရက်နေ့၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၂၃)၊ မြေကွက်အမှတ် (၅၁၅)နှင့်ပတ်သက်၍ ကြေးမုံ သတင်းစာ စာမျက်နှာ(၂၁) ကြော်ငြာကဏ္ဍ၌ ဖော်ပြပါရှိသော ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်းစာပိုဒ်တွင် "ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ" အစား "ရောင်းဖိုးငွေအားလုံး"ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်မင်းဦး(L.L.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၆၆၉)**
**ဖုန်း-၀၉-၈၈၅၀၃၂၃၁၅**

---

တရားမပုံစံအမှတ်-၉၄

## ရောင်းချရန်ကြော်ငြာစာ

**တရားမကျင့်ထုံးဥပဒေအမိန့် -၂၁၊ နည်းဥပဒေ-၆၆**
**ကမာရွတ်ခရိုင်တရားရုံးတော်**
**၂၀၂၃ ခုနှစ်၊ ဇာရီမှုအမှတ်- ၂၆**

ဦးခင်မောင်တိုး နှင့်

၁။ ဒေါ်ခင်မြမော်(ခ)ပေါ်လင်ကြီး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်စုလှိုင်)
၂။ ဒေါ်ခင်နွေဦး(ခ)ပင်စီကြီး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးအောင်မြတ်သူနှင့် ဦးသက်ဇင်ဦး)
၃။ ဒေါ်စန္ဒာ (ကွယ်လွန်သူ ဦးမောင်မောင်လေး၏ တရားဝင်ကိုယ်စားလှယ်)
၄။ ဒေါ်ညိုညိုခင်
၅။ ဒေါ်ဖြူဖြူခင်
၆။ ဒေါ်အဏ္ဏဝါမြင့်ဦး
၇။ မဒေဝီမြင့်ဦး
၈။ မရူပါမြင့်ဦး
၉။ ကိုချမ်းမြေ့
၁၀။ မောင်ပိုင်သူချစ်(ခ)မောင်မော်စီ(ကိုယ်တိုင်နှင့် ၁၁ တရားရှုံး၏ အခွင့်ရကိုယ်စားလှယ်)
၁၁။ ဒေါက်တာမင်းနိုင်
၁၂။ မရွှေရည်ထိုက် (ကိုယ်တိုင်နှင့် ၁၃တရားရှုံး၏ အခွင့်ရကိုယ်စားလှယ်)
၁၃။ မမြအိဏ်သူ

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ကမာရွတ်ခရိုင်တရားရုံးတော်၊ ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၄၀ အမှုတွင်ရရှိခဲ့သော အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင် ဖော်ပြထားသော ပစ္စည်းကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်၊ နံနက် ၁၀:၀၀ နာရီ**တွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရသမျှ ဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါကတရားရုံးက တာဝန်ယူမည်မဟုတ်ပါ။တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။
၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေ ကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်း မပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။
၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင် ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များ၌ ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**( ဇော်မင်းထွဋ် )**
**ခရိုင်တရားသူကြီး**
**ကမာရွတ်ခရိုင်တရားရုံး**

**ပစ္စည်းစာရင်း**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်(အရှေ့)သရက်ကုန်းတိုက်နယ်၊ ဦးပိုင်အမှတ်-၉၁(A)၊ မြေကွက် အမှတ်-၃၆(F)၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ်-(၉၁/အေ)(၃-၃)ဟု ခေါ်တွင်သော နှစ်ထပ်တိုက်အဆောက်အဦနှင့်တကွ ကားဂိုဒေါင်။

**လေလံကြမ်းခင်းဈေး- ငွေကျပ် သိန်း(၆၀၀၀၀) တိတိ။**
**(ကျပ်သိန်းခြောက်သောင်း တိတိ)**

---

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန
## သတင်းအချက်အလက်နှင့်
## ဆက်သွယ်ရေးနည်းပညာသုတေသနဌာန
## "Advanced ICT Engineering သင်တန်း
## လျှောက်လွှာခေါ်ယူခြင်း"

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ သုတေသနဌာနနှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်သည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ အတတ်ပညာရှင်များ မွေးထုတ်ခြင်းအစီအစဉ်အရ Professional Diploma in Java Programming Course (1st Batch) ဘွဲ့ကြိုဒီပလိုမာသင်တန်း (အမှတ်စဉ်-၁)ကို ၁၅-၇-၂၀၂၄ ရက်နေ့မှ ၂-၁-၂၀၂၅ ရက်နေ့အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပါသည်။

၂။ အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းက ကြီးမှူးကျင်းပသည့် Information Technology Professionals Examination Council (ITPEC) အသိအမှတ်ပြု FE Course အောင်မြင်ပြီးသူဖြစ်ရမည်။
(ခ) မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင် ဖြစ်ရမည်။
(ဂ) မိမိနှင့်တကွ မိဘနှစ်ပါးသည် နိုင်ငံသားများ ဖြစ်ရမည်။
(ဃ) သက်ဆိုင်ရာမြို့နယ်ရဲစခန်းတစ်ခုခုမှ သုံးလထက်မကျော်လွန်သည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာများကို သင်တန်းလျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

၃။ သင်တန်းဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) သင်တန်းချိန် - နံနက် (၉:၀၀) နာရီမှ ညနေ (၄:၀၀) နာရီအထိ (အစိုးရရုံးပိတ်ရက်များမှအပ)
(ခ) သင်တန်းကြေး - ၂၅၀၀၀၀/-ကျပ်

၄။ သင်တန်းသားဦးရေ (၃၀)ဦး ကန့်သတ်ထားပါသဖြင့် သင်တန်းလျှောက်ထားသူများသည် အောက်ပါနေ့ရက်တွင် ဝင်ခွင့်စာမေးပွဲ ဖြေဆိုကြရမည်ဖြစ်ပါသည်-

နေ့ရက် - **၁၂-၇-၂၀၂၄** (သောကြာနေ့)
အချိန် - နံနက် ၁၀:၀၀ နာရီ
နေရာ - သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာသုတေသနဌာန၊ ပါရမီလမ်းမကြီး၊ လှိုင်တက္ကသိုလ်ဝင်း၊ ရန်ကုန်မြို့။

၅။ လျှောက်လွှာများကို သတင်းစာကြော်ငြာပါသည့်နေ့ရက်မှ စတင်၍ သင်တန်းရေးရာဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာသုတေသနဌာနသို့ လူကိုယ်တိုင်သော် လည်းကောင်း၊ အမှတ်စဉ် (၅) ၌ ဖော်ပြပါရှိသည့် email (သို့) တယ်လီဖုန်းတို့မှ တစ်ဆင့်ဆက်သွယ်၍ Google Link အသုံးပြုသည့် Online ဖြင့်လည်းကောင်း၊ **၁၀-၇-၂၀၂၄** (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ လျှောက်လွှာတင်ရန် ဖြစ်ပါသည်။

၆။ အခြားသိရှိလိုသည်များရှိပါက email: **training.ictrc@gmail.com, researchict.edu@gmail.com** ပေးပို့ခြင်းနှင့် တယ်လီဖုန်း- ၀၁-၈၆၅၂၅၂၉၊ ၀၁-၈၆၅၂၅၄၂၊ ၀၉-၂၅၉၇၉၉၅၆၅၊ ၀၉-၉၇၁၃၄၈၇၈၅ သို့ ရုံးချိန်အတွင်း၌ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

---

## "အများသိစေရန် ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ သီရိရတနာ (၁)လမ်း၊ အမှတ်-၅၆၃ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၄)ထပ် တိုက်၏ မြေညီထပ်(ခေါင်းရင်းခန်း)အကျယ်အဝန်း (၁၀x၆၀)ပေရှိ ရေမီးစုံတိုက်ခန်း နှင့် ပတ်သက်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးစံလှိုင်[၁၂/အစန(နိုင်) ၀၁၁၃၆၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဒေါ်သီတာဦး[၁၂/ရပသ(နိုင်)၀၃၂၄၅၄]က (၁-၇-၂၀၂၄)ရက်က "နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ် ငွေပေးချေခြင်း ကတိစာချုပ် "ဖြင့် အပြီးအပိုင်ဝယ်ယူကာ တိုက်ခန်းအပါအဝင် စာချုပ်စာတမ်းမူရင်းများအား လက်ရောက်ရရှိပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ အဆိုပါ တိုက်ခန်းသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီတာဦး တစ်ဦးတည်းမှသာ တရားဝင်ပိုင်ဆိုင်ပါကြောင်းနှင့် စီမံခန့်ခွဲခွင့်ရှိသူဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုဇန်မြင့်လွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၆၇)**
**အမှတ်(၂၁၆)၊ အောင်ဆန်းလမ်း၊ မြောင်းမြ။**
**ဖုန်း-၀၉-၉၆၅၈၂၈၀၂၆**

---

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ TSEC ကိုယ်ပိုင် အထက ဆဋ္ဌမတန်းမှ မောင်ရဲရင့်သူရ၏ ဖခင် အမည်မှန်မှာ ဦးသူရဝေ[၆/လလန(နိုင်)၀၅၉၆၃၉] ဖြစ်ပါကြောင်း။

**ဦးသူရဝေ**
**[၆/လလန(နိုင်)၀၅၉၆၃၉]**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅/ တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ တကက စ/ရ မြင့်ရွှေ (ကိုယ်ပိုင်အမှတ်-၇၈၇၄၆၂ မှတ်ပုံတင်အမှတ် - ၇/သကန(နိုင်)၀၈၄၃၂၂] အဖအမည် ဦးကျော်ဖေ အမည်ပေါက် ပါမစ် မြေကွက်အမှတ်ပဇ(င)၂၉၀၂၊ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင် အမွေခံဇနီးဖြစ်သူဒေါ်တင်တင်ဝေ မှတ်ပုံတင် အမှတ် [၁၁/သတန(နိုင်)၀၃၁၇၇၅] အဖအမည် ဦးဖိုးဆိတ်မှ တရားဝင် အမွေခံဖြစ်ကြောင်း တရားရုံး ကျမ်းကျိန်ဆိုချက် မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန် မိတ္တူ၊ တကက စ/ရ မြင့်ရွှေသေဆုံးခြင်း လက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အဦပုံများ တင်ပြပြီး ၎င်း၏ အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် နေ့မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၂)ရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ်-၆၇၄ -က၊ ပါမစ်မြေ အမျိုးအစား၊ အကျယ်အဝန်း (၂၀x၆၀)ပေ မြေကွက်နှင့်အဆောက်အဦကို မူလပါမစ် အမည်ပေါက် ဒေါ်မြင့်မြင့်စိန်[၁၂/ကမရ(နိုင်)၀၁၄၈၃၉]ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရောက်ထားရှိသူ ဦးသူရဝေ[၁၂/သဃက(နိုင်)၁၅၅၅၉၅]ကအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ရောင်းချရန် ကမ်းလှမ်းရာ အဆိုပါမြေကို ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူမည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မိုးမိုးအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၅၅)**
**အမှတ်-၄၆၊မဟာဗန္ဓုလပန်းခြံလမ်း၊ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉ - ၄၂၁၀၉၇၄၀၃**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၂၆၈/က)ဟုခေါ်တွင်သော အိမ်အမှတ်(၂၆၈/က)၊ သီလ(၉)လမ်းသွယ်၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ရှိ ဦးတင်ညွန့်[၁၂/ဥကတ(နိုင်)၀၃၆၅၅၈] အမည်ပေါက် ပေ(၂၀x၆၀)၊ စတုရန်းပေ(၁၂၀၀)ကျယ်ဝန်းသည့် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်သစ်သားအိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကွယ်လွန်သူ အမည်ပေါက်ထံမှ အမွေဆက်ခံပိုင်ခွင့်ရှိသည့် ဇနီးဖြစ်သူ ဒေါ်မိမိ (ဘ) ဦးအုန်းရွှေ [၁၂/ဥကတ(နိုင်)၀၃၆၆၁၆]မှ ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်ယမုံဇော်(LL.B(Q),HGP)** — **အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉)**
**ဦးကျော်မင်းဦး(LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၅၀၆၆၉)**

**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၈၈၅၀၃၂၃၁၅**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကော်မတီ၏ Power Eleven Public Co.,Ltd ၏စီမံမှုအောက်ရှိ YBS-41 ယဉ်လိုင်းတွင် ယနေ့တိုင် ပြေးဆွဲလျက်ရှိသော ယာဉ်အမှတ် **5M- 6487 (Hyundai 2007)**မော်တော်ကားသည် ကျွန်ုပ်၏အမှုသည် ဦးချစ်ညီညီအောင်[၁၂/လသယ(နိုင်)၀၁၉၄၈၄]၊ (အမှတ်-၃၄၊ ပဒုမ္မာလမ်း၊ မြို့မတောင်ရပ်ကွက်၊ သန်လျင်မြို့)၏ ငွေဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ခင်ခင်ဆွေ[၁၂/သလန(နိုင်)၀၇၅၄၉၁]၏အမည်နှင့် ဝယ်ယူထားသော မော်တော်ကားဖြစ်ပါသည်။ ယင်းကားမှာ ယနေ့တိုင် ဒေါ်ခင်ခင်ဆွေ အမည်ဖြင့် လုပ်ငန်းလုပ်ကိုင်လျက်ရှိပါသည်။ အထက်ပါ မော်တော်ယာဉ်အမှတ် **5M-6487 (Hyundai 2007)**ကားသည် ကျွန်ုပ်၏အမှုသည် ဦးချစ်ညီညီအောင် ပိုင်သောကားဖြစ်ပါ၍ ကျွန်ုပ်၏အမှုသည် ဦးချစ်ညီညီအောင်၏ သဘောတူညီချက် တစ်စုံတစ်ရာမရှိဘဲ အမည်လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်းမပြုပါရန်နှင့် အကယ်၍ ဆောင်ရွက်ခြင်းများသည် တရားမဝင် ပျက်ပြယ်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးချစ်ညီညီအောင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်တင် (H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၂၉၉)**
**အမှတ်-၁၅၊ နံ့သာကုန်း(၂)လမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-429574202**

---

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဇ၀န)၊ သီရိဟေမာလမ်း၊ မြေကွက်အမှတ် (၂၃၆)၊ အဆောက်အအုံအမှတ်(၃၅)၏ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ်တိုက် အမျိုးအစား၏(၅)လွှာ၊ (ခေါင်းရင်း)ခန်း၏ အကျယ်အဝန်း(၁၂ ½ x၅၀)ပေရှိ လူနေတိုက်ခန်းအား တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးနေဝင်း[၁၂/ကမန(နိုင်)၀၆၄၃၄၃]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂) (LL.B,D.I.L)**
**ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉) (LL.B,D.B.L,D.I.L,WIPO Switzerland)**

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

---

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၂)ရပ်ကွက်၊ မြေကွက်အမှတ်(၃၄၃)၏ မြေအကျယ်အဝန်း (၄၀x ၆၀)ပေရှိ ဒေါ်မြတ်မြတ်ဌေး(S/OKA-၀၅၂၁၉၃)အမည်ပေါက် မြေချပါမစ် မြေအမျိုးအစား မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးအောင်ကျော်ဦး[၁၂/ရဥန(နိုင်)၀၆၇၂၂၈] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂) (LL.B,D.I.L)**
**ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉) (LL.B,D.B.L,D.I.L,WIPO Switzerland)**

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးညွန့်
**လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**အကြံပေးပုဂ္ဂိုလ်(ဟောင်း) မြန်မာ့ရှေ့ဆောင်ဘဏ်**
**ကွမ်းခြံကုန်းမြို့နယ်အသင်းနာယက (ငြိမ်း)**
**အသက် (၈၈)နှစ်**

အန်တီဒေါ်ကြည်ကြည်အေး၏ခင်ပွန်း၊ ဒေါက်တာထင်ဇော်စိုး-ဒေါ်ချိုချိုလဲ့ညွန့်၊ ဦးယဉ်ဇော်မျိုး-ဒေါ်စပယ်မြင့်၊ ဦးသင်ဇော်မိုး-ဒေါ်နွယ်နီဟန်၊ ဦးသွင်ဇော်တိုး-ဒေါ်ညိုလေးတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ အန်ကယ် ဦးစိုးညွန့် အသက်(၈၈)နှစ်သည် ၂-၇-၂၀၂၄ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**(ဦးရွှေမြအောင်) - ဒေါ်တင်ရွှေ (မိသားစု)**
**သမီး - ဒေါ်ထက်ထက်အောင်၊ ဒေါ်ဇာနည်အောင်**
**မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်**

## ဦးတင်မောင်ဖြူ
**ကုန်သွယ်/ယာဉ်စက်(ငြိမ်း)**
**အသက်(၈၄)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၄၄)ရပ်ကွက်၊ ရွှေစင်လမ်း၊ အိမ်အမှတ်(၃၁၇)နေ (ဦးသက်ငွေ- ဒေါ်စန်းကြည်)တို့၏ သား၊ (ဦးဘကျော်-ဒေါ်အေးကြည်)တို့၏ သားသမက်၊ ဦးဝင်းမောင်ဖြူ-ဒေါ်အေးအေးသွယ်၊ ဒေါ်အေးမြဖြူ၊ ဦးသင်းမောင်ဖြူ- ဒေါ်ခိုင်သန္တာစိုး၊ ဦးလင်းမောင်ဖြူ-(ဒေါ်ခင်ဥမ္မာစိုး)တို့၏ ဖခင်၊ မောင်ရဲမိုးလွင်၊ မောင်ဟိန်းသန့်လင်း၊ မောင်အောင်မိုးသွင်၊ မောင်ဟိန်းထက်ညီညီတို့၏ အဘိုး၊ ဒေါ်ခင်တင့်၏ခင်ပွန်း ဦးတင်မောင်ဖြူသည် ၁-၇-၂၀၂၄ (တနင်္လာနေ့) ည ၈:၀၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၃-၇-၂၀၂၄ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးညွန့်
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**အကြံပေးပုဂ္ဂိုလ်(ဟောင်း) မြန်မာ့ရှေ့ဆောင်ဘဏ်၊ ကွမ်းခြံကုန်းမြို့နယ်အသင်းနာယက(ငြိမ်း)**
**အသက် (၈၈) နှစ်**

ဦးယဉ်ဇော်မျိုး [ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်(ငြိမ်း)] - ဒေါ်စပယ်မြင့် တို့၏ မွေးသဖခင် ကျေးဇူးရှင် ဦးစိုးညွန့်သည် ၂-၇-၂၀၂၄ (အင်္ဂါနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ**
**မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်**

## အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း
## ဦးလှရွှေ (၁၂)
**ဒု-လက်ထောက်အကောက်ခွန်မှူး(ငြိမ်း)**
**အသက် (၇၉)နှစ်**

ရာသက်ပန် အသင်းဝင်အမှတ် (ရာ/၁၁၄၅) ဦးလှရွှေ(၁၂)သည် ၂-၇-၂၀၂၄ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၂၄ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးညွန့်
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**အကြံပေးပုဂ္ဂိုလ်(ဟောင်း) မြန်မာ့ရှေ့ဆောင်ဘဏ်**
**ကွမ်းခြံကုန်းမြို့နယ်အသင်းနာယက(ငြိမ်း)**
**အသက်(၈၈)နှစ်**

ဦးယဉ်ဇော်မျိုး [ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်(ငြိမ်း)]- ဒေါ်စပယ်မြင့်တို့၏ ဖခင်ဖြစ်သူ ဦးစိုးညွန့်သည် ၂-၇-၂၀၂၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်**
**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးညွန့်
**လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**အကြံပေးပုဂ္ဂိုလ်(ဟောင်း) မြန်မာ့ရှေ့ဆောင်ဘဏ်**
**အသက် (၈၈) နှစ်**

ဦးယဉ်ဇော်မျိုး (ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာ့စီးပွားရေးဘဏ်)-ဒေါ်စပယ်မြင့်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ဒေါ်ကြည်ကြည်အေး၏ခင်ပွန်း ဦးစိုးညွန့် အသက်(၈၈)နှစ်သည် ၂-၇-၂၀၂၄ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ**
**မြန်မာ့စီးပွားရေးဘဏ်**

## အများသိစေရန်သတိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၂ ဇက်/၆ ရပ်ကွက်၊ ရွှေတောင်တန်းလမ်း၊ မြေကွက်အမှတ်-၇၃ ဟုခေါ်တွင်သည့် မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ၂ ခန်းတွဲ ၄ ထပ်ခွဲကန်ထရိုက်အဆောက်အဦမှ တိုက်အမှတ်- ၇၃၊ အခန်းအမှတ်- ၁၊ ထပ်ခိုးပါ မြေညီထပ်(ခေါင်းရင်းခြမ်း)၊ ဧရိယာ- (၁၂ ၃/၂ ပေ x ၅၀ပေ) အကျယ်ရှိ ဟောင်ကောင် ၂ လွှာတိုက်ခန်းနှင့် ယင်းအခန်းတွင် သွယ်တန်းတပ်ဆင်ထားသော ရေ၊ မီး၊ မိလ္လာအပါအဝင် ဝင်ထွက်သွားလာခွင့်ဆိုင်ရာ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်သည့် ဦးအောင်သန်း [၁၂/လသန(နိုင်)၀၁၆၃၃၀]နှင့် ဦးအောင်မြင့် [၁၂/ လသန(နိုင်)၀၁၆၄၄၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက မည်သူမဆို အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း) အထောက်အထားများနှင့်တကွ တရားဝင် ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသူရိန်ထွန်း LL.B,DBL,DML,DIL,DIPL,D.A.Psy**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၆၁)**
**အခန်း ၁၆/ခ၊ ပထမအထပ်၊ အမှတ်-၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၆၂၈၉၇**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ( ၁၀၄ )၊ မြေကွက်အမှတ် ( ၁၆၁)၊ ဧရိယာ(၄၀x၆၀)ပေ၊ မြေကွက်အမှတ်(၁၆၂)၊ ဧရိယာ(၄၀x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက် (၂)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၀၄-ရပ်ကွက်၊ ရွှေဝါထွန်းလမ်းနှင့်မနော်ဟရီလမ်းထောင့်၊ အမှတ်(၁၆၁)၊(၁၆၂) ဟုခေါ်တွင်သည့် မြေကွက် နေအိမ်အဆောက်အအုံ အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါ မြေကွက် နေအိမ်အဆောက်အအုံကို မူလပိုင်ရှင်ထံမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးစိုးမြင့်(ခ)ဖါရက် [၁၂/ဒဂတ(နိုင်)၁၃၈၀၉၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၁၀) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (စဉ်- ၄၀၃၅) LLB, DBL, DML, DIL, DLP**
**ဒေါ်အေးအေးစိုး (စဉ်- ၅၈၂၇) B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ် (၂၇)၊ ၁၂၁- လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09-5017044**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စိန်စိန် (အိုင်ကလောင်)
**အသက် (၉၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေး/ငြိမ်းရပ်ကွက်၊ ဆေးရုံးတန်းလမ်း၊ အမှတ်(၁၁)နေ (ဦးဘိုးနီ-ဒေါ်မယ်စိန်)တို့၏ သမီး၊ (ဦးမြသိန်း)၏ ချစ်လှစွာသောဇနီး၊ (ဦးတင်မောင်ဦး)-ဒေါ်မြင့်မြင့်အေး၊ ဦးမောင်စု-ဒေါ်ကြည်ကြည်၊ (ဦးမျိုးမြင့်အောင်)တို့၏ ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီး၊ မြေး ခြောက်ယောက်၊ မြစ် ခြောက်ယောက်တို့၏ အဘွားသည် ၂-၇-၂၀၂၄ (အင်္ဂါနေ့) ညနေ ၆:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၂၄ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ မိတ်ဆွေများ သိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အများသိစေရန်ကြေညာချက်

၁။ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇဓိရာဇ်(၂၄)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၄၁၉/က+ခ)၊ အမှတ်(၄၁၉/က+ခ)တွင် (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦဆောက်လုပ်ရန် မြေရှင်ဦးအောင်သိန်းနှင့် ဒေါ်စန်းတို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာ(GP)ရရှိသူ ဒေါ်နှင်းနှင်းတင်ဝင်း၊ လိုင်စင်ရအင်ဂျင်နီယာ ဦးဇော်မင်းသန့်(LS-1533)နှင့် လိုင်စင်ရကန်ထရိုက်တာ ဦးအောင်မိုး(LC-593)တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၏ ၁၄-၁၂-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၆၁၄/၆၁၅/ စည်ပင်-ယာ(အုံ)ဖြင့် ဆောက်လုပ်ခွင့်ပြုထားပြီး ဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ခွင့်အား မူလတင်ပြလိုင်စင်ရကန်ထရိုက်တာ ဦးအောင်မိုး(LC-593)အစား လိုင်စင်ရကန်ထရိုက်တာ ဦးသန်းထွန်း(LC-582)သို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် မြေရှင်နှင့်လိုင်စင်ရကန်ထရိုက်တာ(၂)ဦးတို့မှ အင်ဂျင်နီယာဌာန (အဆောက်အအုံ)သို့ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ သီရိရတနာလက်ကားဈေး၊ ရုံအမှတ်(G)၊ ဆိုင်ခန်းအမှတ်(၄၃) ဆိုင်ခန်းအမည်ပေါက် ဒေါ်သန်းသန်းဆွေ[၁၄/ဟသတ(နိုင်)၀၀၃၉၂၀]ထံမှ ဦးရာဇူး [၁၀/ပမန(နိုင်)၂၈၄၅၄၀]က ဝယ်ယူထားပြီးဖြစ်ရာ ဦးရာဇူး အမည်သို့ ဆိုင်ခန်းအမည်ပြောင်းလျှောက်ထားမှုအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဈေးတာဝန်ခံ**
**သီရိရတနာလက်ကားဈေး**
**ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## “ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ်(၂) ဟုခေါ်တွင်သော (အလျား ၂၀ပေx အနံ ၆၀ပေ)ရှိ ဒုဗိုလ်မှူးကြီးသန်းမြင့် အမည်ပေါက် နှစ်(၆၀) ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ထားသူမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူတို့က ရောင်းချသည့်တန်ဖိုးငွေအနက်မှ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်ခင်ငွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၁၅) (၁၄-၂-၂၀၁၇)**
**အမှတ်(၃၀)၊ ဗမ္မူသီရိ(၁)လမ်းအနောက်၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉- ၄၂၁၁၈၁၈၂၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၃၊မြေကွက်အမှတ်-၆၅၊(၀.၈၅၈)ဧက၊မြေကွက်တည်နေရာအမှတ်-၈၁၇၊ဗဟိုလမ်း၊(၁)ရပ်ကွက်၊ဗိုလ်ကြီးလှဖေ(အငြိမ်းစား)၊ဒေါ်ဆွေဆွေအမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်တစ်ဦးဖြစ်သူ(ခင်ပွန်း)ဦးလှဖေသည်(၉-၆-၂၀၀၂)ရက်နေ့တွင်ကွယ်လွန်သွားပါသဖြင့်ကျန်အမည်ပေါက်(ဇနီး)ဖြစ်သူဒေါ်ဆွေဆွေ(ခ)ဒေါ်ကျင်ငွေ(၁၂/လမန(နိုင်)၁၀၀၅၈၈)ကမိမိသာလျှင်တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း၊ဦးလှဖေသည်အစ္စလာမ်ဘာသာကိုးကွယ်သူဖြစ်သော်လည်းမကွယ်လွန်မီကမည်သည့်သေတမ်းစာတစ်စုံတစ်ရာကိုမျှရေးသားထားခဲ့ခြင်းလုံးဝမရှိသည်မှာမှန်ကန်ပါကြောင်း၊မိမိမှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိသည်မှာမှန်ကန်ပါကြောင်း(၅-၆-၂၀၂၄)ရက်စွဲပါတရားရုံးကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ၊ဦးလှဖေ၏သေစာရင်း၊အိမ်ထောင်စုလူဦးရေစာရင်း၊နိုင်ငံသားစိစစ်ရေးကတ်ပြား၊နှစ်(၆၀)မြေငှားဂရန်တို့ကိုတင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၃၊မြေကွက်အမှတ်-၆၀/ဆ၊(၀.၄၃၁)ဧက၊မြေကွက်တည်နေရာအမှတ်-၈၁၇၊ဗဟိုလမ်း၊(၁)ရပ်ကွက်၊ဒေါ်ဆွေဆွေ၊ဗိုလ်ကြီးလှဖေ(အငြိမ်းစား)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်တစ်ဦးဖြစ်သူ(ခင်ပွန်း)ဦးလှဖေသည်(၉-၆-၂၀၀၂)ရက်နေ့တွင်ကွယ်လွန်သွားပါသဖြင့်ကျန်အမည်ပေါက်(ဇနီး)ဖြစ်သူဒေါ်ဆွေဆွေ(ခ)ဒေါ်ကျင်ငွေ(၁၂/လမန(နိုင်)၁၀၀၅၈၈)ကမိမိသာလျှင်တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း၊ဦးလှဖေသည်အစ္စလာမ်ဘာသာကိုးကွယ်သူဖြစ်သော်လည်းမကွယ်လွန်မီကမည်သည့်သေတမ်းစာတစ်စုံတစ်ရာကိုမျှရေးသားထားခဲ့ခြင်းလုံးဝမရှိသည်မှာမှန်ကန်ပါကြောင်း၊မိမိမှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိသည်မှာမှန်ကန်ပါကြောင်း(၅-၆-၂၀၂၄)ရက်စွဲပါတရားရုံးကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ၊ဦးလှဖေ၏သေစာရင်း၊အိမ်ထောင်စုလူဦးရေစာရင်း၊နိုင်ငံသားစိစစ်ရေးကတ်ပြား၊နှစ်(၆၀)မြေငှားဂရန်တို့ကိုတင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

MOEE YESC

Hot Plate မီးဖို၊ ကွိုင်မီးဖိုများအစား အပူစွမ်းအင် လေလွင့်မှုနည်းပါးသည့် Electronic Cooker (သို့) ဒယ်နီကို အသုံးပြုပါ။



အိုဇုန်းလွှာနှင့်

ရာသီဥတု

ကောင်းမွန်ဖို့

လက်တွဲညီညီ

ဆောင်ရွက်စို့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိမိတို့တပ်မတော်သည် တိုင်းပြည်၏ နေရာဒေသအသီးသီးက တိုင်းရင်းသားပြည်သူများ စုစည်းနေထိုင်တာဝန်ထမ်းဆောင်ခြင်း ဖြစ်သည့်အတွက် မိသားစုစိတ်ဓာတ် မွေးမြူပြီး စည်းလုံးညီညွတ်မှုရှိကြရမည်ဖြစ်ပြီး စုပေါင်းအားသည် ထုကိုရရှိစေပြီး ခိုင်မာမှုကို ပိုမိုရရှိစေ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

## ဇူလိုင် ၁၃ ရက်တွင် ကျင်းပမည့် UFC Fight Night ပြိုင်ပွဲတွင် ဂျိုရှုအာဗန်တွဲဆိုင်း ပါဝင်မည်

ရန်ကုန် ဇူလိုင် ၃

မြန်မာ MMA ဖိုက်တာ ဂျိုရှုအာဗန်သည် ဇူလိုင် ၁၃ ရက်တွင် အမေရိကန်နိုင်ငံ၌ကျင်းပမည့် UFC Fight Night ပြိုင်ပွဲတွင် ၎င်း၏တွဲဆိုင်း ပါဝင်မည်ဖြစ်သည်။ စာမျက်နှာ ၈ ကော်လံ ၁ သို့ ■

**ယနေ့ ဖတ်စရာ**

**နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်၌ ငွေကျပ် ၂၀ ဒသမ ၁၆ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ဒသမ ၄၄ သန်း သယ်ဆောင်သည့် ဂိုဏ်းအဖွဲ့အား ဖော်ထုတ်ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၄

**အကြမ်းဖက်သောင်းကျန်းသူများက လားရှိုးမြို့အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိ**

စာမျက်နှာ » ၁၅



နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

## မြစ်ကြီးနားမြို့၌ မြစ်ရေပြန်လည်ကျဆင်းသွားပြီး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက် ဗန်းမော်မြို့နယ်၊ ရွှေကူမြို့နယ်နှင့် ခန္တီးမြို့တို့ရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်ရာသို့ ကူညီရွှေ့ပြောင်း၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

နေပြည်တော် ဇူလိုင် ၃

ကချင်ပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ဧရာဝတီမြစ်ရေ မြင့်တက်လာပြီး မြစ်ကြီးနားမြို့ပေါ်ရှိ ရပ်ကွက်များနှင့် ကျေးရွာများအတွင်းသို့ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။ စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❂

## မြန်မာ ယူ-၁၉ အသင်း ပြည်တွင်းခြေစမ်းပွဲ ထပ်မံကစား

ရန်ကုန် ဇူလိုင် ၃

နိုင်ငံတကာ ပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၁၉ အသင်းသည် ဇူလိုင် ၃ ရက် နံနက်ပိုင်းက သုဝဏ္ဏကွင်း၌ မြန်မာနေရှင်နယ်လိဂ်ကလပ် Dagon Port အသင်းနှင့် ခြေစမ်းကစားရာ နှစ်ဂိုးစီသရေကျခဲ့သည်။

မြန်မာ ယူ-၁၉ အသင်းသည် တရုတ်ခြေစမ်းခရီးစဉ်အပြီးတွင် ပြည်တွင်းခြေစမ်းပွဲများ ဆက်တိုက်ကစားလျက်ရှိပြီး နှစ်ပွဲဆက် သရေကျခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ဇွန်လလယ်ပိုင်းမှစတင်ကာ မြန်မာနေရှင်နယ်လိဂ် စာမျက်နှာ ၁၂ ကော်လံ ၅ သို့ ❂



မြန်မာ ယူ-၁၉ အသင်းနှင့် Dagon Port အသင်းတို့ ခြေစမ်းကစားစဉ်။

## မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဇူလိုင် ၃

**ဧရာဝတီမြစ်ရေစိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် (၇၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေကျော်ခန့် (၆၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စာမျက်နှာ ၁၂ ကော်လံ ၅ သို့ ○